
# ဇော်ဂျီရာပြည့်

(၁၉၀၇-၂၀၀၇)

## အမှတ်တရဟောပြောချက်များ



သုခ
ပါရဂူ
ပါမောက္ခဦးသန်းထွတ်
ဒေါက်တာသိန်းလွင်
မင်းယုဝေ
အောင်သင်း
ခင်နှင်းယု
ခင်ဆွေဦး
လယ်တွင်းသားစောချစ်
ချစ်ဦးညို

mgyee.com

# ဇော်ဂျီရာပြည့် (၁၉၀၇-၂၀၀၇)

## အမှတ်တရဟောပြောချက်များ



သုခ
ပါရဂူ
ပါမောက္ခဦးသန်းထွတ်
ဒေါက်တာသိန်းလွင်
မင်းယုဝေ
အောင်သင်း
ခင်နှင်းယု
ခင်ဆွေဦး
လယ်တွင်းသားစောချစ်
ချစ်ဦးညို

kls0001
900.00 Ks

mgyee.com

mgyoe.com

[illegible]

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၀၁၂၄၈၀၆၁၀ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၄၄၅၀၅၀၇ တို့ဖြင့်

မျက်နှာဖုံးဒီဇိုင်းကို ဣ.ဒ.ဝ ပြုလုပ်ပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ ၈၅၊ ၁၆၄လမ်း၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဦးနိုင်ဦး၊ ငွေပြည်တော်ပုံနှိပ်တိုက်၊ သိမ်ဖြူလမ်း၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၀၇ ခု၊ ဇွန်လတွင် တန်ဖိုး ၂၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် - ကိုမြင့်

mgyoe.com

mgyoe.com

# မာတိကာ

## ပထမပိုင်း

### [၁၉၉၂၊ ကွယ်လွန်ခြင်း (၂) နှစ်ပြည့် ဟောပြောချက်များ]


၁။ သုခ ၅

၂။ ပါရဂူ ၁၇

၃။ ပါမောက္ခဦးသန်းထွတ် ၂၅

၄။ ဒေါက်တာသိန်းလွင် ၃၅

၅။ မင်းယုဝေ ၃၉

၆။ အောင်သင်း ၅၅


## ဒုတိယပိုင်း

### [၂၀၀၀ ပြည့်၊ ကွယ်လွန်ခြင်း (၁၀) နှစ်ပြည့် ဟောပြောချက်များ]


၇။ ခင်နှင်းယု ၇၉

၈။ ခင်ဆွေဦး ၈၉

၉။ လယ်တွင်းသားစောချစ် ၁၀၁

၁၀။ ချစ်ဦးညို ၁၀၉


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ဆရာတော်ဂျီ ကွယ်လွန်ခြင်း

## (၂) နှစ်ပြည့် အခမ်းအနား

ဖျာပုံမြို့

(၂၆ – ၉ – ၁၉၉၂)

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## ဆရာသုခ ဟောပြောချက်

ကျွန်တော်တို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးပီပီ ဘယ်နေရာ ဘယ်ဌာန ဘယ်ကိစ္စပဲ ဖြစ်ဖြစ် ရတနာသုံးပါးကို ဦးထိပ်ထားခြင်းဟာ ကျွန်တော်တို့အတွက် ကိုးကွယ်ရာ အစစ်အမှန်ပါ။ မိရိုးဖလာ မျိုးရိုးဗီဇက သူများတွေနဲ့ မတူကြတဲ့ ယဉ်ကျေးမှုအစစ် သရဏဂုံရိပ် ခိုလှုံရတဲ့အတွက် ကျေနပ်အပ်တဲ့ အေးချမ်းရာ ကျွန်တော်တို့ ဗုဒ္ဓဘာသာမှာပဲ ရှိတယ်။ အခု ကျွန်တော် မြန်မာလိုပြောရရင် မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည် ကျွန်တော်တို့အတွက်၊ ကျွန်တော်တို့မတိုင်မီ သတ္တဝါ တွေအတွက် အခုခေတ် နောက်ခေတ်အထိ အဆုံး သာသနာတော် တည်ရှိနေ သမျှ ကာလပတ်လုံးမှာ ကျွန်တော်တို့အတွက်သာ ပွင့်တော်မူတာဖြစ်ပါတယ်တဲ့။ ကျွန်တော်တို့ အကျိုးကျေးဇူးငှာအတွက်သာ ပွင့်တော်မူတာဖြစ်ပါတယ်။ ဒါကို ချဲ့ရင် ဗုဒ္ဓဝင်တစ်အုပ် ဖြစ်မှာပေါ့ဗျာ။

မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးဖြစ်မယ့် သုမေဓာရှင်ရသေ့အလောင်း ဟာ ဒီပင်္ကရာမြတ်စွာဘုရားရှေ့မှောက်ရောက်တော့ ပရဗိုဇ်ရဟန်းပဲ။ ဒီပင်္ကရာ မြတ်စွာဘုရားရဲ့ ခြေတော်ရင်းမှာ ဝပ်ဆင်းပြီးတော့ သာဝကအဖြစ်ကို ခံယူလိုက်ပြီး မြန်မာလိုပြောကြပါစို့၊ ဒီပင်္ကရာဘုရားရဲ့ နောက်ပါရဟန်းအဖြစ်နဲ့ လိုက်သွား ပြီး ကျင့်ကြံလိုက်ရင် (၇) ရက်အတွင်းမှာ ကိစ္စအကုန်ပြတ်တဲ့ နိဗ္ဗာန်မြတ်ကို ရောက်သွားနိုင်ပါတယ်။

အဲဒီလို ရောက်သွားနိုင်တာကို မြတ်စွာဘုရားအလောင်းတော်က သူ့တစ် ကိုယ်ကောင်းမဆန်ဘဲ ပရဟိတလုပ်တဲ့ပုဂ္ဂိုလ် ဆိုတော့ကာ 'ငါတစ်ယောက်တည်း နိဗ္ဗာန်ဆိုတာကို ရောက်မယ့် သစ္စာ ၄ ပါးသိရင် ဘယ်တော်မလဲ။ ငါတစ်ယောက်



mgyoe.com

mgyoe.com

တည်းသိလို့ ဘယ်ကောင်းမလဲ။ သတ္တဝါအများသိအောင် ငါလုပ်မယ်၊ ပြန်မယ်၊ ငါပြန်ပြီး ငါလုပ်မှ၊ ငါလုပ်ပြီး ငါသိမှ သတ္တဝါအများ သိစေရမယ်'တဲ့။ ကြည့်စမ်း တစ်ကိုယ်ကောင်း မဆန်ဘူး။ 'ဗုဒ္ဓါဗောဓိယံ သစ္စာ ၄ ပါးကို ငါ ကိုယ်တိုင် သိအောင်ကြိုးစားမယ်' တဲ့။ ကြည့်စမ်း ကျွန်တော်တို့အတွက်ကို သူ လုပ်ချင်တာနဲ့၊ ကျွန်တော်တို့အတွက်ကိုပါ သူ ကယ်တင်ချင်တာနဲ့ သူ ပိုပြီး ကြိုးစားမယ်တဲ့။ သူကိုယ်တိုင်ကြိုးစားပြီး သူကိုယ်တိုင်သိတဲ့ အသိကို ကျွန် တော်တို့ကို ဟောမယ်တဲ့။

'ဩော် ဗုဒ္ဓေါဗောဓိယံ ဗုဒ္ဓေါ ဗောဓိယံ သံသရာဝဋ်က လွတ်သွားအောင် ငါကြိုးစားမယ်။ ငါ ကြိုးစားပြီးမှ သတ္တဝါတွေ ငါ့လိုလွတ်အောင် ငါဆောင်ရွက် ပေးမယ်။ ငါ အဲဒီအထိအောင်လုပ်မယ်။ လွတ်မြောက်ပြီးစီးပြီဆိုတဲ့ လောကုတ္တရာ အရသာကို ငါတစ်ယောက်တည်း မခံစားသေးဘူး၊ သတ္တဝါတွေအတွက်လည်း ငါပြန်ခေါ်မယ်'၊ အဲဒါဟာ ပေါ့ပေါ့ဆဆ လွယ်လွယ်ကူကူလေး မဟုတ်ပါဘူး နော်။ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီ ၁၀ ပါးဆိုတာကို ဖြည့်ဆည်းရတာ ဟာ သိပ်ပြီးတော့ ကြားရဖန်များနေတော့ ပေါ့ပေါ့လေးထင်ကြတယ်။ ခက်ခဲတဲ့ ပါရမီပါ။ ကိုယ်လက်အင်္ဂါ နားမျက်စိ နှာ စွန့်ရတဲ့ ပါရမီ၊ အသက်ကိုပင် စွန့်ရတဲ့ပါရမီ၊ ပါရမီအပြား ၃၀၊ အဲဒီဟာတွေနဲ့ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ကာလပတ်လုံး အဆင်းရဲခံပြီး သဗ္ဗညုတဉာဏ်တော်အထိ ရပါစေဆိုပြီး ဖြည့် ခဲ့တဲ့ ဖွဲနဘဲဟာ ကျွန်တော်တို့အတွက် ဖြည့်ကျင့်ခဲ့တာပါ။ ဒီစိတ်ထားမျိုးနဲ့ ဘုရားရှင်ကိုယ်တော်မြတ်ဟာ ဆုံးဖြတ်ခဲ့တယ်။ မြတ်စွာဘုရားရဲ့ဂုဏ်ကို ပြောရ မယ်ဆိုရင် 'တောင်ကြီးတစ်တောင်လုံးမှာ သန်လျက် ဓားတွေ အသွားပြည့်ယှဉ် ပြီး ထောင်ထားပါ၊ အဲဒီတောင်ပေါ်ကို မင်းတက်နိုင်မှ အဲဒီတောင်ထိပ်ရောက်မှ ဘုရားဖြစ်မယ်ဆိုရင် အဲဒီသန်လျက် ဓားတွေ ထောင်ထားတဲ့ တောင်ပေါ်ကို ငါတက်မယ်တဲ့။

နောက်တစ်ခါ တစ်ဖက်ကမ်းမမြင်နိုင်တဲ့ ပင်လယ်အဏ္ဏဝါ ကြီးမှာ လှိုင်းတွေဟာ မီးတဟုန်းဟုန်း ထတောက်နေပါတယ်။ တစ်ဖက်ကမ်းကို မမြင် ရသေးဘူး။ လှိုင်းတွေကလည်း မီးဟုန်းဟုန်းထတောက်နေပါတယ်။ အဲဒီ ပင်လယ် ထဲကို ဖြတ်ပြီး တစ်ဖက်ကမ်းကို ရောက်အောင်ကူးနိုင်မှ မင်း ဘုရား ဖြစ်မယ်လို့ ဆိုရင် 'အဲဒီမီးပင်လယ်ကို ငါဖြတ်မယ်'တဲ့။ ဒါကြောင့် ဓားတောင်ကို ကျော်၍ မီးပင်လယ်ကို ဖြတ်မယ်။ ဒီစကားပေါ်လာပါတယ်။ ဒါ ဘယ်သူ့အတွက်လဲ၊

mgyoe.com

mgyoe.com

သဗ္ဗပါဏိနံ လုံးစုံများစွာ သတ္တဝါအပေါင်းတို့၏ ဟိတာယ စီးပွားအလို့ငှာ (ဝါ) ကိုးကွယ်အလို့ငှာ။ ကျွန်တော်တို့အတွက် သတ္တဝါတွေအတွက် အဲဒီလောက်ကို ဆောင်ရွက်ပါတယ်။ ဒါကြောင့် ဘုရား ဘုရားနဲ့ ကျွန်တော်တို့ တမ်းတနေရလောက်အောင် အမြတ်ဆုံးဖြစ်ပါတယ်။ အဲဒီစကားမှန်ရင် မြတ်စွာဘုရားသည် ကျွန်တော်တို့အတွက် ပရဟိတစစ်စစ်ကြီး၊ သတ္တဝါတွေအတွက် နိဗ္ဗာန်ကိုလိုချင်လို့ ဘုရားဖြစ်ရန် ကျင့်ပါတယ်။ ကျင့်ခဲ့ပါတယ်။ ကျင့်တော်မူသွားပါတယ်ဆိုတဲ့ စကားမှန်ရင် များစွာထောင်သောင်း သူတော်ကောင်းတို့၌ (ဝါ) စိတ်နှလုံးပျော့ပျောင်း သူတောင်ကောင်းတို့၌ ဝိရုဠှာ ရောဂါအန္တရာယ် ကင်းစင်ကြသည်ဖြစ်၍ ဟောန္တု စင်စစ်မသွေ ဖြစ်ကြပါစေကုန်သတည်း။

*

ကျွန်တော် သစ္စာဆိုတာပါဗျာ၊ သစ္စာဆိုပြီးတော့ ဖျာပုံကို ဘယ်လိုရောက်သွားတယ်ဆိုတဲ့အကြောင်းလေး ပြောပါမယ်။ ဆရာဇော်ဂျီဟာ ကျွန်တော့်ထက် အသက်သိပ်မကြီးပါဘူး။ ဆရာဇော်ဂျီနဲ့ ကျွန်တော်တို့က တစ်ရေတည်း၊ တစ်မြေတည်း ဆက်စပ်နေပါတယ်။ ကျွန်တော်က ကျိုက်လတ်သားပါ။ ပုဂ္ဂိုလ်အနေနဲ့ သံယောဇဉ်၊ ပညာအနေနဲ့ သံယောဇဉ်ရှိတဲ့သူတွေထက် ရေဆက်၊ မြေဆက်မို့ပို၍ နီးစပ်တယ်လို့ ပြောရပါမယ်။ ကျွန်တော့်ဆရာအရင်း မဟုတ်လေတော့ ကျွန်တော် ဝမ်းနည်းစွာနဲ့ ကျွန်တော့်ကံ မကောင်းတာလေး ကျွန်တော် ဖော်ပြရမှာဖြစ်ပါတယ်။ ကျွန်တော် သူ့လက်အောက်တပည့်ရင်း ဖြစ်လောက်အောင်ထိ ကံမကောင်းခဲ့ပါဘူး။ သို့သော် ကျွန်တော်ဟာ ကဗျာကို ချစ်ပါတယ်။ ဂီတကို ချစ်ပါတယ်။

ကျိုက်လတ် ဖျာပုံ ဘိုကလေး ဒေးဒရဲဆိုတာ ဂီတသမားတွေ ကဗျာသမားတွေရဲ့ ဂီတနက်သန်ပါ။ ကဗျာကို ကျွန်တော် ချစ်ရကောင်းမှန်း သိပါတယ်။ ကျွန်တော် မစွမ်းသာလို့ မရေးတတ်နိုင်ခဲ့ပါဘူး။ သို့သော် ကဗျာသော်လည်းကောင်း၊ ဂီတသော်လည်းကောင်းကိုတော့ ကျွန်တော် အများကြီးချစ်ခဲ့ပါတယ်။ ကဲ ကောင်းပြီ။ ဆရာဇော်ဂျီနဲ့ ကျွန်တော် ရင်းရင်းနှီးနှီး တစ်နှစ်လောက်ရှိပြီးတဲ့အခါကျတော့ အရင်ခေတ်က မကြာသေးခင်ခေတ်ကပေါ့လေ နိုင်ငံတော်အစိုးရပြဇာတ်အခမ်းအနားပွဲမှာ သူနဲ့ကျွန်တော် အတူတွဲပြီးတော့ စေတနာ့ဝန်ထမ်းပြဇာတ်မှာ ဒါရိုက်တာဖြစ်ခဲ့ကြရပါတယ်။ အဲဒီမှာ ဆရာနဲ့ နီးနီးကပ်ကပ်


mgyoe.com

mgyoe.com


နေခဲ့ရလေတော့ ဆရာ့ရဲ့ အတွင်းသဘော နူးညံ့ခြင်း၊ သိမ်မွေ့ခြင်း၊ သည်းခံစွမ်းရှိခြင်း၊ အောက်ကျို့ခံ၍ အနိုင်ယူခြင်း၊ အဲဒီဥပဒေသတွေ ကျွန်တော် သူ့ဆီက အများကြီးရခဲ့ပါတယ်။ ကျွန်တော်တို့ ကျိုက်လတ်သားများဟာ တော်တော် မိုက်တိမိုက်ကန်းနိုင်ပါတယ်။ မာန်လေးတွေလည်း ရှိပါတယ်။ ရာဇဝင်နဲ့ပါ။ ကျိုက်လတ်သားက။ သို့သော်လည်း ဆရာရဲ့ နူးညံ့ပျော့ပျောင်းမှုဟာ ကျွန်တော့်ကို သတိသံဝေဂတရား ရစေပါတယ်။

အဲဒါကြောင့် ကျွန်တော် ဆရာဇော်ဂျီနဲ့ အင်မတန်နီးခဲ့ပါတယ်။ အခု ကျွန်တော် ပြောချင်တယ် "ဆရာ ပျံတော်မူသွားပြီ"လို့ ကျွန်တော် ဒီလို သုံးနှုန်းတာ မလွန်ဘူးလို့ပြောရဲတယ်။ ဘာဖြစ်လို့လဲ ... ဆရာက လူ့ဘုန်းကြီးပါ၊ လူ့ဘုန်းကြီး။ ကျွန်တော်တို့မှာ မာန် ရှိသေးတယ်၊ အခုထက်ထိ မာန်ရှိသေးတယ်၊ ကျွန်တော့်ကိုယ်ကျွန်တော် ဝန်ခံပါတယ်။ အဲဒီမာန် ဘာလဲ။ အနုပညာမာန်။ ဒိပြင်မာန် မဟုတ်ပါဘူး။ ပိုက်ဆံလည်း မရှိပါဘူး။ အာဏာလည်း မရှိပါဘူး။ ဩဇာလည်း မရှိပါဘူး။ သို့သော် အနုပညာနဲ့ပတ်သက်လို့တော့ အခုထက်ထိ မာန် ရှိပါသေးတယ်။ အဲဒီမာန်တော့ ဦးကို ချိုးချိုးပေးတာတောင် ချိုးတဲ့ထဲက ထောင်ထောင် ထနေတယ်။ အဲဒါကို ဆရာဇော်ဂျီက နမူနာ ပြသွားတာက အဲဒီ မာန်ကို နှိမ်ချပြီးတော့ သူက အနိုင်ယူယူသွားတယ်။ ကိစ္စတစ်ခုမှာ သူက ရေအေးနဲ့ လောင်းချင်တယ်။ ကျွန်တော်တို့က ကိစ္စတစ်ခုမှာ ရေနွေးနဲ့ လောင်းချင်တယ်။ ဒါလေးတွေ ကွာတယ်။ ရာမနဲ့ လက္ခဏာလို့ပြောလို့ရတဲ့ ကျွန်တော့် ဆရာတစ်ဦးနဲ့ တခြားစီပါ။ ကျွန်တော်က တစ်ရက်၊ ဆရာရယ် ကျွန်တော့်မှာ အခုထက်ထိ မာန်ကတော့ ရှိသေးတယ်။ သိရဲ့သားနဲ့ ထိန်းလို့မရပါဘူး။

အနုပညာဆိုတာက ရှိမှန်းသိရက်သားနဲ့ သတိက လစ်လစ်သွားတယ်။ ဒီတော့ ဘာပြောလဲ "ကိုသုခတဲ့ လောကမှာ မာန်မရှိရင် ခင်ဗျားလဲ သွားမှာ ပေါ့တဲ့၊ မာန်ဆိုတာ ရှိရမပေါ့တဲ့" ဟော သူကျတော့ တစ်မျိုး၊ ကဲ ဒီတော့ 'ဆရာဇော်ဂျီ' နဲ့ ပတ်သက်ပြီး ကျွန်တော်တွေ့ရကြုံရတဲ့ ကျွန်တော့် ရသယူတာက တစ်မျိုး။ ကျွန်တော့်ရသယူတာက ကဗျာထက် စောစောကပြောတဲ့ ပညာရှိ သူတော်ကောင်းဆိုတဲ့ စိတ်ဓာတ်ကို ရသယူတာပဲ။ မတူနိုင်တာတွေက ကျွန်တော် သိခဲ့ပါတယ်။ သူ့ကိုလည်း မတူနိုင်သေးပါဘူး။ သို့သော်လည်း တူအောင်တော့ တတသွားပါမယ်။ အခု ကျွန်တော် ၈၃ နှစ် ရှိပါပြီ။ ဆရာက ၈၆ ဖြစ်ပါ လိမ့်မယ်။ ကျွန်တော်တို့မှာ မာန်လုပ်ချင်လို့ 'မာန်မလုပ်ချင်ဘု၊ မာန်လုပ်ရင်


mgyoe.com

mgyoe.com


လွယ်သည်သာပ၊ ငယ်မည်မှာ နငယ်သတ်ရုံပဲ၊ နေရပ် မန်ရွှေလည်နှင့် မာန် နှစ်လီ မာန်စုံကွန့်နိုင်ငဲ့’ဆိုတဲ့ မန်လည်ဆရာတော်ဘုရားကြီး လေးချိုးတွေ။ ကျွန်တော်တို့ သိပ်ကြိုက်ခဲ့တာပေါ့။ ဘာလို့ကြိုက်လဲ။ မာန်သမားချင်းတူတာ ကိုး။ သူကျတော့မဟုတ်ဘူး။ သူက ရေစီးရေနဲ့ လိုက်ပြီးတော့ မျောပါသွားမယ့် ဗေဒါလေး၊ ကျွန်တော်တို့က မဟုတ်ဘူး၊ ရေဆန်တက်ချင်တယ်။ ရေဆန်တက်ရင် ဒုက္ခရောက်မှာပေါ့တဲ့။ ဒါ ဆရာ့ဆီက သဘောတရားလေးတွေ။ ဆရာက ဒဿနဆရာကြီး၊ အဲဒီ ဘွဲ့ထူးမျိုးကို ဆရာက လက်မခံဘူးတဲ့။ ကျွန်တော်တို့က အတင်းပေးမှာပဲ။ ဘာဖြစ်လို့လဲ ကြည့်ပါ။

ဆိုကရေးတီး၊ ပလေတို၊ ဒီဝါဒနဲ့ ဒီကျမ်းစာကြီးကို ကိုင်ထားနိုင်တဲ့၊ ကိုင်ပြီးတော့သာ ပြန်နိုင်တဲ့ ဘာသာပြန်နိုင်တဲ့အပြင်မှာ ဘာသာပြန်တာ ရိုးရိုး မဟုတ်ဘဲ အဲဒီခေတ်က ဗုဒ္ဓကိုလည်း မမှီငြမ်းဘဲနဲ့၊ ဗုဒ္ဓရဲ့ အခြေခံလည်း မမှီ ငြမ်းဘဲနဲ့၊ ခရစ်တော်လည်း မပေါ်သေးဘဲနဲ့၊ သုံးသွားတဲ့ မြန်မာလိုစကားလုံး တွေဟာ အင်္ဂလိပ်စာ သိပ်တတ်တဲ့လူတွေက သိပ်ချီးမွမ်းတယ်။ မတတ်တတတ်နဲ့ ကျွန်တော်တို့လိုလူတွေကတောင်မှပဲ Heaven ဆိုတဲ့ စကားလုံးမျိုးကို အဂ္ဂ လောကလို့ ပြန်သွားတဲ့စကားလုံးကျတော့ ပြောတော့ လွယ်လွယ်လေးနော်။ အဲဒီ အဂ္ဂလောကဆိုတဲ့ အဂ္ဂစကားလုံးမျိုးကို ဘယ်လိုလုပ်ပြီး သူ့ဉာဏ်ထဲဝင်သွား ပါလိမ့်မလဲဆိုတာကို ကျွန်တော် စဉ်းစားလို့မရဘူး။ နိဗ္ဗာန်လည်း မဟုတ်ဘူး၊ ခေတ်စကားနဲ့ ကောင်းကင်ဘုံလည်း မဟုတ်ဘူး။ အဂ္ဂဆိုတဲ့ ပါဠိကို မှန်အောင် စဉ်းစားတော့ အဂ္ဂမြတ်သော၊ လောက–လောက။ လောက မြတ်တာ၊ ထာဝရ ဘုရားသခင်ပြောတဲ့ ကောင်းကင်မဟုတ်ဘူး။ ဗုဒ္ဓဂေါတမ ပြောသွားတဲ့ နိဗ္ဗာန် လည်း မဟုတ်ဘူး။

ပလေတိုရဲ့ အဲဒီကျမ်း ထူးခြားတယ်၊ သူပြန်ဆိုလို့ ဆိုကရေးတီး လွယ် လွယ်လေးနဲ့ ဖတ်ခွင့်ရတယ်။ ဒီကျေးဇူးသည် ကဗျာတွေ ကျေးဇူးထက် ပို တယ်။ ကျွန်တော့်အမြင်နဲ့ပေါ့။ ကျွန်တော် ရသအမြတ်ထုတ်နိုင်တာဟာဖြင့် ပလေတိုရဲ့ ကျေးဇူးပဲ၊ မြသီဒါလည်း ကောင်းပါ၏။ ပုဂံဈေးသည်လည်း ကောင်းပါ၏။ မြေရွေးလည်း အက်ခဲ့ပြီ၊ ရွှေရေးလည်း ပျက်ခဲ့ပြီဆိုသော ကဗျာ မျိုးတွေလည်း ကောင်းပါ၏။ သို့သော် ဒီထဲမှာ ဒဿန၊ ဗုဒ္ဓရဲ့ ဒဿနကို နှိုက်ပြီးတော့ ဘာသာပြန်နိုင်တဲ့ဆရာကို ကျွန်တော် ပညာရှိ သူတော်ကောင်း လူ့ဘုန်းကြီးပဲလို့ ဒီလိုမှတ်ခဲ့တယ်။ ဒါကြောင့် သာသဝေါ၊ နှလုံး ပျော့ပျောင်း



mgyoe.com

mgyoe.com

သူတော်ကောင်းတို့၌ ဝိရုဠှာ ဖျားနာရောဂါအန္တရာယ် ကင်းစင်သည် ဖြစ်စေ၍ ပဟာန္တ–စင်စစ်မသေ့ ဖြစ်ပါကြကုန်စေသတည်း။

သူတော်ကောင်းတွေ အသက်ရှည်ဖို့လိုတယ်။ ပါဏာတိပါတာ ငါးပါး သီလကစ မလျော့ရင်ဘဲ ကျွန်တော်တို့က သူတော်ကောင်းလို့ ယူရမလိုဖြစ်နေတယ်။ ရိပ်သာမဝင်ချင် နေပါဦး။ ငါးပါးသီလသာ လုံအောင်ထိန်းစမ်းပါ။ ကျွန်တော် သူတော်ကောင်းအဖြစ်နဲ့ နေ့စဉ်ရှိခိုးပါမယ်။ ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ စဉ်းစားကြည့်စမ်းပါ။ ငါးပါးသီလထဲက ကျွန်တော်တို့ ဘယ်နှပါး များ လုံသလဲ။ ငရဲမီးဒဏ်မျိုးနဲ့ အစစ်ဆေးခံရပါ့မလား။ ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ စဉ်းစားကြည့်ပါ။ ဘယ်သူ့မှ မဝေဖန်ပါဘူး။ ကျွန်တော့်ကို ကျွန်တော်လည်း စဉ်းစားနေပါတယ်။ အဲဒီထဲမှာ ကျွန်တော်ပြောချင်တာက ငါးပါးသီလ အလုံးဆုံးသောဆရာ ဖြစ်တယ်ဆိုတာပါပဲ။ မာရ်နတ်က မြတ်စွာဘုရား ဒုက္ကရစရိယာ ကျင့်တဲ့အချိန်မှာ မျက်ခြည်မပြတ် ဖဝါးခြေထပ် လိုက်ပြီးတော့ အပြစ်ရှာပါတယ်တဲ့။ ဂေါတမဗုဒ္ဓအလောင်း သိဒ္ဓတ္ထမင်းသားကို အပြစ်ကလေး များတွေ့ရင်တောင် အကြီးအကျယ် အပြစ်တွေ အများကြီးဖြစ်အောင် ငါစကြဝဠာမှာ ကြေညာပစ် လိုက်မယ်။ အဲဒီအပြစ်တွေကို စေ့စေ့ငုငု လိုက်ရှာပါတယ်တဲ့။ ဖဝါးခြေထပ် လိုက်ရှာပါတယ်။ ၆ နှစ် ပြီးမြောက်သွားပြီးတဲ့နောက် မြတ်စွာဘုရားစင်စစ် ဖြစ်သွားပြီးတဲ့အထိ 'ငါ အဲဒီ ဘုရားအလောင်းရဲ့အပြစ် တစ်ခါမှမတွေ့ခဲ့ဘူး' တဲ့။ 'ငါ လက်နက်ချလိုက်ရတယ်' တဲ့။ မာရ်နတ်က အဲဒီလောက် သူ အရှုံးပေးဝန်ခံသွားတယ်။ အဲဒီလို အရှုံးပေးဝန်ခံသွားတာကြောင့် မြတ်စွာဘုရားကို နီးနီးကပ်ကပ် အပြစ်ရှာတဲ့သူဟာ မာရ်နတ်ပဲ။ အပြစ်မတွေ့ဘူး တဲ့။

ကျွန်တော် တစ်နှစ်တိတိ ဆရာဇော်ဂျီနဲ့ နီးနီးကပ်ကပ် နေ့တိုင်း အစည်းအဝေးထိုင် နေ့တိုင်းဆုံတွေ့တယ်။ အရင်အစိုးရ လက်ထက်ကပေါ့၊ ကဇာတ် ပြဇာတ်ကြီးတွေ သင်ကြားရေးလုပ်ကြတယ်။ အဝတ်အစား၊ စကားလုံး၊ သီချင်း၊ အကုန်လုံးပေါ့လေ။ ဆရာ့စိတ်ဓာတ်ကို ကျွန်တော် အဲဒီမှာ တွေ့ခဲ့ရတယ်။ ကဗျာဆရာကြီး အနေနဲ့ ကြည်ညိုကြပါတယ်ဗျာ။ ဓမ္မရသအနေနဲ့ ကျွန်တော်က ကြည်ညိုခံကြီးပေါ့။ ကဗျာဆရာနဲ့ ကဗျာ ကြည်ညိုပါတယ်ဆိုတဲ့ ကြည်ညိုမှုနဲ့ ကျွန်တော် ဓမ္မရသ ကြည်ညိုမှုနဲ့ နှိုင်းလိုက်ရင် ကျွန်တော်က ရာနှုန်းတွေ အများကြီးသာပြီးတော့ အမြတ်ထုတ်ခဲ့ရပါတယ်လို့ ကျွန်တော် ကြေညာချင်ပါ



mgyoe.com

mgyoe.com


တယ်။ ဒီတော့ အခု ကျွန်တော် ဘာလို့ရောက်ရလဲဆိုတဲ့အကြောင်း ပြောပါမယ်။

ဆရာ့အတွက် သဝဏ်လွှာ ကျွန်တော့်ဆီက ရချင်ပါတယ်တဲ့။ ကျွန်တော် သိလိုက်ပါတယ်။ သိပ်သိလိုက်ပါတယ်။ ကျွန်တော် လူသားပါ၊ သိပ်သိပါတယ်။ ကျွန်တော့်ဘဝ မမြင်မကန်းပါ။ မြင်လားဆိုတော့လည်း မမြင်၊ ကန်းလားဆို တော့လည်း မကန်းဘူး။ စာမရေးနိုင်ဘူး။ စာမဖတ်နိုင်ဘူး။ တချို့ကပြောကြ ပါတယ်။ တပည့်တွေ ရေးခိုင်းပါလား။ ဩော် သူတို့ ကိုယ်ချင်းမစာနိုင်တဲ့ဘဝ၊ ကိုယ်ချင်းစာလို့မရတဲ့ဘဝမို့ ကျွန်တော့်ကို စေတနာနဲ့ပြောရှာတာပါ။ ပါးစပ် ကပြောပြီး နောက်ကလူက ရေးဆိုတော့ ကျွန်တော့်ဘဝ မလွယ်ပါဘူး။ လွယ်တာရှိပါတယ်။ ဘုရားရှိခိုး ကျွန်တော် ရွတ်ပြမယ် လိုက်ရေးရတယ်။ သီချင်းတစ်ပုဒ် ကျွန်တော်ဆိုပြမယ် လိုက်ရေးရတယ်။ ဦးနှောက်ထဲက ယိုစီး ကျလာသည့်ဉာဏ်သည် လက်ဖျံရိုးမှတစ်ဆင့် လက်မနဲ့ လက်ညှိုးကြားထဲက ကလောင်ဖျားရောက်မှ။

နို့မို့ရင် ကျွန်တော်တို့ ရာခိုင်နှုန်း ၄၀ တောင် မတင်ပါဘူး။ အဲဒီတော့ ကျွန်တော် သိလိုက်ပါပြီ။ ရေးရမှာက ဆရာဇော်ဂျီအကြောင်း၊ ဖြည့်ရမှာက သဝဏ်လွှာ၊ ဟာ ဒီထက်ကြီးကျယ်ငါ့ထက် ငါ့ထက် ဆယ်ဆလောက်သာ တဲ့လူက ရေးလိမ့်မယ်၊ ငါမရေးနိုင်ပါဘူး၊ ရေးလို့လည်း ကောင်းမှာမဟုတ်ပါဘူး။ သူတို့အမြင်နဲ့ သူတို့ရေးကြမှာလေ။ ဒီတော့ ကျွန်တော်ဘာလုပ်မလဲ၊ သဝဏ်လွှာ တော့ မရေးပါရစေနဲ့ဗျာ၊ ကျွန်တော်ကိုယ်တိုင်လိုက်ပြီး ဒီပွဲကိုတက်ပါတယ်ဆိုတဲ့ နာမည်လေးတော့ ယူပါရစေပေါ့၊ သူတို့ကလည်း ကျွန်တော့်ဆီလာတဲ့သူတွေ ကလည်း ကျွန်တော့်ကို ငဲ့ညှာသောအားဖြင့် အသက် က ၈၀ ကျော်၊ ရေထဲ မိုးထဲမှာ သင်္ဘောနဲ့သွားတာ လာတာ၊ လိုက်မှ လိုက်နိုင်ပါ့မလား၊ ဒီလို စဉ်းစား ကြပါတယ်။

ကျွန်တော်ဟာ အဲ့ဒီလိုက်မယ့် ဒုက္ခကို ခံချင်သေးတယ်။ ပေမမီ ဒေါက် မမိနဲ့ ရေးရမယ့် သဝဏ်လွှာဒုက္ခကို မခံနိုင်ဘူး။ ဒါကြောင့် ဖျာပုံပွဲကို ကျွန်တော် လိုက်ခဲ့ပါသည်။ ဒါကို ပြောချင်ပါတယ်။ ကောင်းပြီ။ ကဗျာ ဆွေးနွေးကြ၊ သဝဏ်လွှာတွေ နွေးဆွေးကြ။ အကုန်လုံး ဆွေးနွေးကြတယ်။ ဂုဏ်ပြုတယ်။ မြန်မာစကား ဂုဏ်ပြုတယ်ဆိုတဲ့စကား ဘယ်ကလာမလဲ၊ ပူဇော်တယ်တဲ့ ဟုတ်ပြီ၊ ဂုဏ်ပြုပူဇော်တယ်တဲ့ နည်းနည်းနီးစပ်တယ်။ အဲတော့ ဆရာ့ကို ကျွန်တော်တို့က ပူဇော်တယ်ဆိုတဲ့ အဓိပ္ပာယ်ကို ကျမ်းကိုး ကျမ်းကားလေးနဲ့ အတိအကျမဟုတ်



mgyoe.com

mgyoe.com

တောင်မှ သုံးသပ်ကြည့်ရအောင်။

ဒီစိတ်ဝင်နေတာကို ဒီစိတ်ဝင်အောင်လည်း ကိုယ့်ကိုယ်ကို သတိထားနေရတာကိုး။ ဒီတော့ ဟုတ်ပြီ။ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ဘုရား။ ဒီစကား ရှိခိုးတယ်။ ပူဇော်တယ်။ ကန်တော့တယ်။ အဲဒီ ၃ ခု အတူတူပဲလား။ မြန်မာလို အတူတူပဲလား။ အတူတူဆိုလည်း ဘာဖြစ်လို့ ထပ်ကာ ထပ်ကာ ပြောနေလဲ။ ဆရာ့ပူဇော်ပွဲ၊ အဲဒီပူဇော်တာ ဘယ်လိုပါလဲ။ ဘယ်လိုဟာခေါ်တာတုံး၊ ရှိခိုးတာ ဘယ်လိုတုံး၊ ကန်တော့တယ်ဆိုတာ ဘယ်လိုတုံး။ 'ဆရာ့ပူဇော်ပွဲ'တဲ့။ အဲဒါလေး အဓိပ္ပာယ်အပြည့်ရောက်အောင် ကျွန်တော် ပြောချင်တယ်။ ကျွန်တော် တင်ပြချင်လို့ပါ။

မြတ်စွာဘုရား လက်ထက်တော်ကတည်းက မြတ်စွာဘုရားကျောင်းကို လမ်းမှာတွေ့ကြတဲ့ ပုဂ္ဂိုလ်တွေ ဥပမာအားဖြင့် ကောသလမင်းကြီးရဲ့ ပါမောက္ခ အတိုင်ပင်ခံ ပုရောဟိတ်ကြီးက သုနန္ဒဆိုတဲ့ ဥပသကာ တစ်ယောက် ပြန်လာတာ လမ်းမှာတွေ့တော့ "သုနန္ဒ ဘယ်ကလာတာတုံး" သုနန္ဒက "ကျုပ် ဘုရားကျောင်းတော်ကလာတာ" "ဩ် ဘုရားကျောင်းတော်ကလာတာ၊ အဲဒီဘုရားဆိုတဲ့ ဂေါတမဗုဒ္ဓက ဘယ်လောက်များ ဉာဏ်ကြီးသလဲ။ ဘုရားဆိုတဲ့ဂုဏ်နဲ့ ဘယ်လိုတယ်လိုဟာတွေ ပြည့်စုံသလဲ" ဒီတော့ အဲဒီသုနန္ဒက "ပါမောက္ခဆရာကြီးခင်ဗျား သိပ်လွယ်လွယ်ကူကူ နိုင်တာပဲ၊ ခင်ဗျား ဘယ်လောက်ပင်မေးလည်း မြတ်စွာဘုရားရဲ့ဂုဏ်ကို လမ်းမတ်တတ် ဘာပြောလို့ဆုံးမလဲ၊ ခင်ဗျားကိုယ်တိုင် စုံစမ်းချင်ရင် စုံစမ်းကြည့်ပေါ့၊ မြတ်စွာဘုရားရဲ့ ဂုဏ်တော်တွေ ဘယ်လောက်ရှိတယ်ဆိုတာ ကျုပ် မပြောနိုင်ပါဘူး"။ 'နမော ဗုဒ္ဓဿ' ဆိုပြီး လမ်းခုလတ်မှာ မတ်တတ်ကနေ ရှိခိုးတယ်။

နမော–နမာမိ လမ်းမကနေဆိုတော့ မထိုင်ဘဲနဲ့ နဖူးပေါ်လက်တင်ပြီး ရှိခိုးခြင်း၊ ကောသလမင်းကြီးကိုလည်း ဒီလို ရှိခိုးတတ်တယ်။ ဗြဟ္မာကြီး ပုဏ္ဏားကြီးတွေကိုလည်း ဒီလိုရှိခိုးတတ်တယ်။ ပထမဆုံး အနာထပိဏ် သူဌေးက ဗုဒ္ဓဆိုတဲ့ အသံကြားလိုက်တာနဲ့ ရှိခိုးလိုက်တယ်။ မြင်တောင် မမြင်ဖူးသေးဘူး။ ဗုဒ္ဓကိုယ်တော်မြတ်ကို 'အမယ်လေး ဗုဒ္ဓပဲ' အဲလို ရှိခိုးလိုက်တယ်။ နမော နမာမိ ရှိခိုးတယ်။ ပူဇော်တယ်ဆိုတာက ပူဇေမိ ပူဇော်ပါ၏။ ပါဠိလို ရှင်းမပြတော့ဘူး။ ရှိခိုးတာနဲ့ ပူဇော်တာနဲ့ တူသလား မတူပါဘူး။ ရှိခိုးခြင်းသည် လက်အုပ်ချီ၍ နဖူးပေါ်တင်ပြီး လမ်းမတ်တတ်မှာသော်လည်းကောင်း၊ ပူဇော်

mgyoe.com

mgyoe.com



ခြင်းကတော့ ဘုရားလက်ထက်တော်က ဗုဒ္ဓဘုရားရှင်ကို သိပ်ကြည်ညိုတဲ့ ပုဏ္ဏားမကြီးနဲ့ စပ်ပြီးပြောပါ့မယ်။ တစ်နေ့ပွဲတစ်ခု ဇနီးမောင်နှံသွားကြတော့ ပုဏ္ဏားကြီးက သူ့သူငယ်ချင်းတွေ ပုဏ္ဏားပီပီ 'နင် ငါတို့ ဒီနေ့သွားမယ့်ပွဲမှာ တစ်ခုခု လုပ်ရင်းကိုင်ရင်းနဲ့ ဗုဒ္ဓေါလို့ မလုပ်လိုက်နဲ့နော်။ လုပ်ရင် ငါ့သိက္ခာကို မင်း (သူတို့က ဖြဟ္မဏတွေကိုး) ငါ့သိက္ခာကို မင်း စော်ကားရာကျလိမ့်မယ်၊ ငါ့အပေါင်းအသင်းတွေက ငါ့ပြောလိမ့်မယ်။ ဒီတော့ မင်း ဗုဒ္ဓေါဆိုတဲ့အသံ မထွက်စေနဲ့" နောက်နေ့ရောက်လို့ အမှုကိစ္စ လုပ်ကိုင်ရင်းနဲ့ ပုဏ္ဏားမကြီးက 'ဗုဒ္ဓေါနမောသတ ဘဂဝတော အရဟတော' ဆိုပြီး တစ်ခါတည်း ဘုရားဂုဏ်တော်ကို ပူဇော်ပါလေရော။ အဲဒီအချိန်မှာ ပုဏ္ဏားကြီးရဲ့ အပေါင်းအသင်းတွေက "မင်းမိန်းမက တို့ကိုဖိတ်ပြီးတော့ အရှက်ခွဲတာလားကွ"ဆိုပြီး ပြန်သွားကြတယ်။ နွားနို့ထမင်း မစားတော့ဘူး၊ အဲဒီအချိန်မှာ ပုဏ္ဏားကြီးက စိတ်ဆိုးပြီးတော့ 'နင် ငါပြောထားရဲ့သားနဲ့ တမင်တကာ ငါ့ကို အရှက်ခွဲတာလား' ဆိုပြီး ဓားနဲ့ခုတ်မယ့် လုပ်တယ်၊ ဟိုမိန်းမကြီးက ရှိခိုးတောင်မပျက်ဘူး၊ 'ခုတ်ပါ ကျွန်မ မထိန်းနိုင်ပါဘူး၊ ရှင်ခုတ်တာကို ကျွန်မ ရဲစွမ်းသတ္တိနဲ့ ခံဝံ့ရအောင် ကျွန်မ ဗုဒ္ဓကို ရှိခိုးနေတာပါ' အဲတာ နမော။ ပူဇေမိ ပူဇော်ပါ၏ပဲ။ ကျွန်တော်တို့တစ်တွေ မေ့နေကြလို့ပါ။ ကျွန်တော်တို့မှာ သာသနာနဲ့ အင်မတန် နီးစပ်တတ်ပါတယ်။

ကျွန်တော်တို့ နေ့တိုင်းဆိုတတ်ကြတာရှိတယ်။ ဘာတုံး။ 'ပူဇော်တယ် ဆိုတာက အဓိပ္ပာယ်က ဘာလဲ'၊ 'မြတ်စွာဘုရား ဆုံးမထားသော အကျင့်တရားတွေနဲ့ အရှင်ဘုရားကို ပြန်ပြီးတော့ ကျေးဇူးဆပ်ပါတယ်ဘုရား'။ မြန်မာလိုဒါပဲ။ အဲဒီတော့ ကျေးဇူးဆိုတဲ့စကား အဲဒီမှာ ပေါ်လာတယ်။ နမောဆိုတာဟာ ရိုးရိုးရှိခိုးတာ။

ဤလောကုတ္တရာတရားကိုးပါးအား လျော်သောကျင့်ဝတ်ဖြင့် ဗုဒ္ဓံ – မြတ်စွာဘုရားကို၊ အဟံ – ဘုရားကျွန်တော်သည်၊ ပူဇေမိ – ပူဇော်ပါ၏ ဘုရား။ သူ့ဆီကရတဲ့ ပညာတွေနဲ့ သူ့ကိုပြန်ပြီး ဂုဏ်ပြုခြင်း၊ ပူဇော်ခြင်း ပစ္စည်းနဲ့ပူဇော်ခြင်း၊ ဓမ္မာနုဓမ္မပဋိပတ်၊ သူကျင့်ဝတ် ပဋိပတ် ဝိပဿနာ ထိုင်ပြီးတော့မှ၊ သူအကျင့်တွေကို သူ ဆုံးမတာတွေကို ကျွန်တော်တို့က လက်ခံပြီးတော့မှ ယုံကြည်ပြီးတော့ သူ့အကျင့်နဲ့ သူ့ကို ပူဇော်ခြင်း၊ အဲဒါကို ကျွန်တော်တို့က ပူဇော်တယ်ခေါ်တယ်။ ကန်တော့တယ်ဆိုတာကြီးပါ ထည့်ပစ်ကြဦး။ ကန်တော့တယ်ဆိုတာ ဘာတုံး၊



mgyoe.com

mgyoe.com

ဝန္ဒေ ဝန္ဒာမိ ဖူးမြော်မာန်လျှော့။

ဆရာ့ကို ပူဇော်ပါတယ်ဆိုရင် ကျွန်တော်တို့ လုပ်စရာ ဘာရှိလဲ၊ သူ့ကျင့်ဝတ် ပနိပတ်တွေကို ကျွန်တော်တို့ လက်ခံသုံးစွဲရမယ်။ အဲဒီ သူ့ကျင့်ဝတ် ပနိပတ်နဲ့ သူ့ပြန်ပူဇော်ခြင်းသာလျှင် ပူဇော်တယ် မည်ပါတယ်။ ကျွန်တော်တို့ ဒီကနေ့ကစပြီး သူ့စိတ်၊ သူ့ယဉ်ကျေးမှုစိတ်၊ မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်၊ အဲဒီစိတ်တွေ စိတ်တွေနဲ့ သည်းခံနိုင်စွမ်းရှိသော အတုမရှိသော သူတော်ကောင်းစိတ်ဓာတ်ကို အတုယူ၍ ရင်းနှီးသောတပည့်က ပူဇော်တာပါ။

ကျွန်တော်တို့က တစ်နှစ်ကျော်ကျော်ပဲ ပေါင်းလိုက်ရတာကို ဒီလောက် သိသေးရင်။ ဆရာက ဆိုကရေးတီးအကြောင်း ပြောတယ်။ ဆရာကိုယ်တိုင် ကျွန်တော့်ကို စာအုပ်ပေးတယ်။ သူ့လက်နဲ့ပေးတာ၊ မွှန်မွှန်မြတ်မြတ်ပေးတာ။

ကျွန်တော်က ဆရာ့ဉာဏ်ကို မီပြီးတော့ ကျွန်တော် (အောင်မလေး) ကြည်ညိုလိုက်တာ၊ ကျွန်တော် ဆောင်းပါးရေးခဲ့ဖူးတယ်။

လူဆိုတာ သူတို့ထက် နည်းနည်းကြောသွားလျှင် အပြိုင်ဖြစ်လာတယ်။ အပြိုင်ဖြစ်လာတော့ ဟိုဘက်ကလည်း၊ တပည့်တပန်းတွေနဲ့နေတဲ့ ဒဿနဗေဒ ဆရာတွေ ရှိလာတယ်။ ဒီတော့ ဆိုကရေးတီးရဲ့ တပည့်တွေကို ဆိုကရေးတီးက ရိုးရိုးလေးပြောတယ်။ ဟိုလူတွေက ငါအကုန်လုံးသိတယ်။ ငါအကုန်လုံးတတ်တယ်လို့ ကြွေးကြော်နေချိန်မှာ ဆိုကရေးတီးက "တပည့်တို့ရေ ငါသိတာ တစ်ခုပဲရှိတယ်တဲ့။ အဲဒီ ငါသိတဲ့ တစ်ခုက ဘာလဲဆိုလျှင် ငါ ဘာမှမသိသေးဘူးဆိုတဲ့အကြောင်းပဲ" တဲ့။

အို ပြောတော့လေ ရယ်စရာလိုလို ဟာသလိုလိုနဲ့ နက်နက်နဲနဲ စဉ်းစားတော့မှ ဆိုကရက်တီးပြောသွားတာက "ငါသိတာတစ်ခုတည်း ပဲရှိတယ်၊ ငါလေ ဘဝ အကြောင်းကို ဘာမှမသိသေးတာတဲ့" ဩော်... ဆိုကရေးတီးကို ဆရာ့ရဲ့ ကျေးဇူးကြောင့် ကျွန်တော်တို့ လွယ်လွယ်ကူကူ ဖတ်ရပါတယ်လို့ ကျွန်တော် ဝန်ခံခဲ့ပါတယ်။ ကျွန်တော်လည်း အင်္ဂလိပ်စာ သိပ်မတတ်ပါဘူး။ ကျွန်တော် ဖျာပုံကျောင်းက ကံအားလျော်စွာနဲ့ ၈ တန်းလောက်ပဲ အောင်တာနဲ့ပဲ ကျွန်တော် ထွက်ပြီးတော့ စာပေနယ်ထဲ စုံပစ်ဝင်တာပါ။ အဲဒီတော့ ကျွန်တော်တို့ လွယ်လွယ်ကူကူဖတ်ရတဲ့ သူရေးပြလိုက်တဲ့ ဆိုကရေးတီးအကြောင်းကနေ သူ့ကျေးဇူးမှီပြီးတော့ သူ တစ်ထွာပြရင် ကျွန်တော်တို့ တစ်လံမြင်ခဲ့တာ။

ဆရာ ခဏခဏပြောဖူးတယ်။ "ဆရာ့ထက် တပည့်လက်စောင်းထက်


mgyoe.com

mgyoe.com


ရမယ်” အဲဒါက ဆရာဦးဖေမောင်တင်က ပြောတဲ့စကားကို ဆရာက ပြန်ထုတ်နုတ်တာ၊ ဆရာ့ထက် တပည့်လက်စောင်းထက်မှ လောကကြီး ကြီးပွားမှာပေါ့တဲ့။ ဆရာလောက်မှ မတော်ဘူး။ ညံ့သထက်ညံ့၊ ညံ့သထက်ညံ့သွားရင် နောက်နှစ်ပေါင်း ၁၀၀၊ ၂၀၀ လောက်ဆို မြန်မာပြည် ရေစုန်မျော သွားမှာပေါ့တဲ့။ ဟုတ်တာပေါ့ ဟုတ်တာပေါ့။ ဘုရားဟောခဲ့တယ်လေ အတိဇာတသားဆိုတာ ဒါမျိုး ဟုတ်တာပေါ့။ မဟောသဓာဟာ သူ့အဖေထက် တော်ပါပေရဲ့။

ကြေညာလိုက်တယ်။ ဒီနေ့က စပြီးတော့ ဝိဒေဟရာဇ်မင်းကြီးကစပြီး ပြည်လုံးတောင်မီးဟုန်းသို့။ ဟာ ဖအေ စော်ကားတယ်၊ ဖအေစော်ကားတယ်တဲ့။ သူတို့က စော်ကားတယ် မြင်တာကိုး။ မဟော်သဓာက ဖအေ့ထက်တော်တဲ့ ပါရမီရှင်၊ ဇာတ်ကြီးဆယ်ဘွဲ့ထဲမှာပါတဲ့ ပါရမီရှင်၊ အဲဒီတော့ ဆရာဇော်ဂျီ့ဆီက ပညာသင်လိုက်ရတဲ့ ကျွန်တော်သိတယ်၊ ဆိုကရေးတီးက ပြောတယ်။ ငါသိတဲ့ တစ်ခုရှိတာက ငါဘာမှ မသိသေးဘူး။ အို ဆိုကရေးတီးကို ကြည်ညိုလိုက်တာ။ လူပုံအလယ်မှာ တပည့်တွေအလယ်မှာ၊ တပည့်တွေက မြှောက်စားနေတဲ့အချိန်၊ တော်ရုံတန်ရုံ မသိတဲ့ကောင် ဖြီးဖြန်းနေတာ အများကြီးရှိတယ်၊ အများကြီး အများကြီး၊ နေရာတကာမှာ နေရာတကာမှာ။ ကျောင်းဆရာတင် မဟုတ်ဘူး နေရာတကာမှာ ရှိတယ်။

အကုန်လုံးသိသလို ဘာလိုနဲ့ “မသိတာကို မသိပါဘူးလို့”ဝန်ခံဝံ့တဲ့ သမာဓိသည် ဘယ်လောက်ကြီးကျယ်လဲ၊ မြတ်စွာဘုရား သာသနာတော်မှာသာ ဆိုကရေးတီး ဆရာကြီးဟာမိခဲ့လို့ရှိရင် အဂ္ဂသာဝက မဟာသာဝကလို ဧတဒဂ် ရပြီး တစ်ခါတည်း ရဟန္တာကြီးဖြစ်မှာပဲ၊ မသိတာကို မသိပါဘူး၊ လောက အကျိုးစီးပွားကို တတ်ယောင်ကားနဲ့ မဖျက်ဆီးဘဲနဲ့ ကိုယ်မသိတာကို မသိပါ ဘူးလို့ ဝန်ခံလိုက်တဲ့ စကားလုံးသည် သူတော်ကောင်းပီသလိုက်တာ။

အဲဒါကြောင့် ဆရာကြီးဆိုကရေးတီးက မသိပါဘူးလို့ ဝန်ခံတယ်။ အေး ဗုဒ္ဓကိုယ်တော်မြတ်ကျတော့ ‘ငါသိပြီဟေ့’ လို့ ကြွေးကြော်တယ်၊ ဝန်ခံ တယ်။ ပထမဆုံး ဓမ္မစကြာတရားဦး ဟောတာကြည့်ပါ ‘သစ္စာလေးပါး ငါ မသိသေးခင်က ပဥ္စဝဂ္ဂီ ဘိက္ခုငါးဦး ထိုသစ္စာ ၄ ပါးကို ငါ မင်းတို့ကို မဟော နိုင်ခင်က ငါကိုယ်တိုင် မသိခင်က၊ ငါ့ကိုယ်ငါ ဘုရားလို့ မပြောပါဘူးတဲ့။ ပြောဖို့မရှိပါတဲ့ မပြောဘူး။ အခု ငါ သစ္စာ ၄ ပါးကိုသိပြီ၊ လုပ်စရာရှိတာတွေ ငါလုပ်ပြီးပြီ ဟောဒီနေ့ကစပြီး ငါ့ကိုယ်ငါ ကြေညာလိုက်တယ်၊ ဗုဒ္ဓေါ၊ ငါ


mgyoe.com

mgyoe.com

ဘုရားဖြစ်ပြီ ငါကြေညာတယ်။

အဲဒီတော့ သိတဲ့လူကသိတယ်၊ မသိတဲ့လူက မသိဘူး။ ပြောသွားကြတာတွေ ရှိပါတယ်။ ကြည်ညိုစရာ ကောင်းလို့တဲ့၊ တို့ဆရာရဲ့ ကျေးဇူးကို သိပါတယ်ဆိုတဲ့ လူတွေက ကြည်ညိုရုံသာ မကြည့်ကြပါနဲ့၊ စောစောကပြောတဲ့ ဣမ-ယ မမ္မနု မမ္မပတိပတ္တိပဟော ဗုဒ္ဓပူဇေမိ ဆိုသလို ဆရာကို သူ၏ပညာ သူ၏ စိတ်ဓာတ်၊ သူ၏ သူတော်ကောင်းတရားမြတ် လွှမ်းပတ်ကမ္ဘာတည်နိုင်တဲ့ သူ့ရဲ့ သူတော်ကောင်းစိတ်ကို ကျွန်တော်တို့က သူ့ဆီမှရသော ခန္တီစိတ်နဲ့ သူ့ပြန်ပူဇော်ကြပါစို့လို့ပြောရင်း ကျွန်တော် နိဂုံးချုပ်ပါတယ်။

[၂၆–၉–၁၉၉၂]

❒

mgyoe.com

mgyoe.com

## ဆရာပါရဂူ ပေးပြောချက်

အခုလို ကျင်းပပြုလုပ်တဲ့ ဆရာဇော်ဂျီ ကွယ်လွန်ခြင်း ၂ နှစ်ပြည့် အထိမ်းအမှတ် သတိရဂါ၀ရပြုပွဲမှာ အခုလို ပါ၀င်ခွင့် အနည်းအကျဉ်း ပြောဆို ခွင့်ရတဲ့အတွက် ၀မ်းလည်း၀မ်းသာပါတယ်။ ဒီအခွင့်အရေးကြီးကို ရတဲ့အတွက် စီစဉ်တဲ့ပုဂ္ဂိုလ်တွေကိုလည်း အများကြီးကျေးဇူးတင်ပါတယ်။

သေသောသူ ကြာရင်မေ့ဆိုတဲ့စကားအတိုင်း ဆရာဇော်ဂျီ ကွယ်လွန်ခဲ့တာ ၂ နှစ်ရှိပါပြီ။ ၂ နှစ်ကြာတဲ့ ကာလတစ်လျှောက်မှာ ဆရာ့ကိုတခြားလူတော့ မပြောတတ်ဘူး၊ ကျွန်တော့်အနေနဲ့ တဖြည်းဖြည်း မေ့လာခဲ့ပါတယ်။ ဒါပေမဲ့ ဒီနေ့ ဒီအခမ်းအနားမှာ ကျွန်တော်တို့ ရောက်လာပြီး ပရိသတ်နဲ့အတူ တကွ ရှေ့မှာ ကျွန်တော်တို့ထိုင်ပြီး နေစဉ်အတောအတွင်းမှာ အခမ်းအနား စမယ်ဆိုတဲ့ အမှတ်အသားနဲ့ ကန့်လန့်ကာကြီး မလိုက်တဲ့အခါကျတော့ မမျှော်လင့်ဘဲနဲ့ ရှုခင်းကိုမြင်လိုက်တဲ့အခါ လွန်ခဲ့တဲ့ ၂ နှစ်က ဆရာဇော်ဂျီ ကွယ်လွန်တဲ့အချိန်မှာ လွမ်းဆွတ်တသတဲ့ စိတ်ဓာတ် ကျွန်တော့်မှာ ပြန်ခံစားရပါတယ်။

ဒါ ကျွန်တော် ရိုးရိုးသားသားပြောတာ၊ အမှန်အတိုင်း ပြောတာပါ။ တော်တော့်ကို စိတ်ထိခိုက်ရတယ်။ ဒီမြင်ကွင်းကို ကြည့်လိုက်ရတာ ဒီမြင်ကွင်းကို မြင်တာနဲ့တစ်ပြိုင်နက် ဆရာဇော်ဂျီရဲ့ ဘ၀မြင်ကွင်းဟာလည်း ကျွန်တော် မျက်မှောက်မှာ ပေါ်လာပါတယ်။ ဒီနေ့ ဆရာရဲ့ စာပေဘ၀နဲ့ ပတ်သက်ပြီးတော့ ကျွန်တော် အနည်းအကျဉ်း ပြောချင်ပါတယ်။ မပြောပြခင် ကျွန်တော်တို့



mgyoe.com

mgyoe.com

မြန်မာမှာ စကားပုံတစ်ခု ရှိပါတယ်။ ရွာဘုရား ရွာသား မကြည်ညိုဘူးတဲ့။ ဒါ အားလုံးသိပါတယ်။ ဒီစကားပုံဟာ မှန်သလောက် မှန်တယ်။ အားလုံးလည်း သိကြတာပဲ၊ ဘာလို့လဲဆိုလို့ရှိရင် ကိုယ့်ရွာက လူကို ကိုယ် အထင်မကြီးဘူး၊ ကိုယ့်မြို့ကလူဆိုရင်လည်း ဒီလိုပဲ တခြားပြင်ပက အထင်ကြီးနေသလောက် သိပ်ပြီးတော့ အထင်မကြီးဘူး။ အဲဒီအကြောင်းနဲ့ ပတ်သက်လို့ ကျွန်တော် အဖြစ်အပျက်လေးတစ်ခု ပြောပြမယ်။

ကျွန်တော်တို့ ကမ္ဘာစစ်မဖြစ်ခင်က ဝိပဿနာဘက်မှာ အလွန်ကျော် ကြားတဲ့ မိုးညှင်းဆရာတော်ကြီး ရှိပါတယ်။ မိုးညှင်းဆရာတော်ဟာ သူ့ခေတ်မှာ ဆိုလို့ရှိရင် ဆရာတော်တစ်ပါးတည်း ဝိသ္သနာပြန့်ပွားရေးကို နိုင်ငံအနှံ့အပြား လှည့်လည်ပြီးတော့ တရားပွဲတွေ မြောက်မြားစွာ ဟောပြီးတော့ ဝိပဿနာ တရား ပြတယ်၊ တရား ဟောတယ်၊ ဒီဘက်ခေတ်မှာကျတော့ ဝိပဿနာတရား တွေကလည်း အတော်ပြန့်ပွားနေတယ်။ ဝိပဿနာ အခမ်းအနားတွေကလည်း အများကြီးရှိတယ်။ ဒါကို စိတ်ဝင်စားတဲ့ ပုဂ္ဂိုလ်တွေလည်း အများကြီးရှိတယ်။ ဟိုအချိန်က ဘာမှ မရှိဘူး။ ဝိပဿနာတရားပြနေတဲ့ထဲက ဆရာတော်ထဲက ထူးထူးခြားခြားက မိုးညှင်းဆရာတော်ကြီး ဖြစ်ပါတယ်။

မိုးညှင်းဆရာတော်ဟာ သူ့ခေတ်မှာ ဝိပဿနာဘက်မှာ အများကြီး အောင်မြင်တယ်။ အများကြီး ကျော်ကြားတယ်။ ရန်ကုန်မြို့ထဲမှာ တရားပွဲ ကျင်းပတယ်ဆိုလို့ရှိရင် သတင်းစာထဲမှာ မြန်မာ့အလင်းတို့၊ သူရိယတို့ထဲမှာ အထူးသတင်းထောက်ဆိုပြီးတော့ ဆရာတော်ရဲ့ တရားပွဲကို လွှတ်ပြီးတော့ ဆရာတော်ရဲ့ တရားတွေကို သတင်းစာထဲမှာ ရေးရတဲ့အထိ ဆရာတော်ကြီးက ကျော်ကြားတယ်။ ပြီးတော့ နိုင်ငံကလည်းပဲ ဝိပဿနာပြတဲ့ ဆရာအဖြစ်နဲ့ အားလုံးက အသိအမှတ်ပြုကြတယ်။ သို့သော်လည်းပဲ ဆရာတော်ကြီးက ရွာက၊ ရွာဆိုတာ ရန်ကုန်တစ်ဘက်ကမ်း သန်လျင်ကနေပြီးတော့ ပဲခူးလှည်းကြောင်း အတိုင်းသွားလို့ရှိရင် သဘော်နဲ့ဖြစ်ဖြစ် သွားရင်ရောက်တဲ့ ဖားကူးရွာ၊ မိုးညှင်း ဆရာတော်ကြီးက ဖားကူးရွာသား။

တစ်နေ့ကျတော့ ဖားကူးသား တစ်ယောက်က ဘာပြောလဲဆိုတော့ (ဆရာတော်ကြီးက) ခုမှကြီးကျယ်နေတာကိုးတဲ့။ တို့ ဖားကူးဇာတိ၊ တို့ ဖားကူး မှာနေတုန်းက ဘာမှလည်း မဟုတ်ဘူး။ အဲဒီတော့ ခုလောက်ကြီး မြန်မာပြည်အနှံ့ ကျော်ကြားနေသော ဆရာတော်ကြီးကိုပင်လျှင် ကျွန်တော်ကြားဖူးတာ၊ ရွာသား


mgyoe.com

mgyoe.com

တစ်ယောက်သော ပုဂ္ဂိုလ်က ဒီဆရာတော်ကြီးက ခုမှ ကြီးကျယ်နေလိုက်တာ၊ ငါတို့ရွာမှာနေတုန်းက ငါနဲ့ ကျောင်းနေဖက်၊ ဘာညာနဲ့ အဲဒီလိုဖြစ်တယ်ဆိုတော့ ဒါဟာ ကျွန်တော်က 'ရွာဘုရား၊ ရွာသားမကြည်ညို' ဆိုတဲ့စကားပုံရဲ့ စိတ်ဓာတ်တစ်ခုကို ထုတ်ပြတာပါ။ သို့သော်လည်းပဲ ဒီနေ့ ဖျာပုံမြို့သူမြို့သားတွေက ဒီစကားပုံကို ချေဖျက်လိုက်ပြီ။ ဘာဖြစ်လို့လဲဆိုတော့ ဆရာဇော်ဂျီဟာ ဒီဖျာပုံသားကြီး ဖြစ်ပါတယ်။ ဖျာပုံသား စာပေခေါင်းဆောင်ကြီးကို ကိုယ့်ဇာတိ ဖျာပုံမြို့က အခုလို သိုက်သိုက်ဝန်းဝန်း ဂုဏ်ပြုပွဲကျင်းပတာဟာဖြင့် ကျွန်တော်တို့ မြန်မာစကားပုံကို ချေဖျက်လိုက်တာပဲလို့ ယူဆလိုက်ပါတယ်။

ဆရာဇော်ဂျီရဲ့ စာပေဘဝနဲ့ပတ်သက်ပြီးတော့ အနည်းအကျဉ်း ပြောရမယ်ဆိုရင် ခုနစကားနဲ့ ဆက်ပြီးတော့ တစ်ခုပြောချင်တာက ဆရာဇော်ဂျီဟာ ဖျာပုံသားဖြစ်ပါတယ်။ ဖျာပုံမြို့က ဒီလိုဂုဏ်ပြုပွဲကျင်းပတာဟာ အင်မတန်ဝမ်းသာစရာကောင်းပါတယ်။ သို့သော် ဆရာဇော်ဂျီဟာ အမှန်စင်စစ် ပြောရမယ်ဆိုလို့ရှိရင် ဖျာပုံသား မဟုတ်တော့ပါဘူး။ ဆရာဇော်ဂျီကို နိုင်ငံကပိုင်နေပါပြီ။ အဲဒီတော့ ဖျာပုံသားတွေကလည်း ဒီလို ယူဆသင့်ပါတယ်။ ဒါ ကျွန်တော် သတိပေးတဲ့သဘောပါ။ ဘာဖြစ်လို့လဲဆိုရင် ဆရာဇော်ဂျီဟာ နိုင်ငံပိုင် ဖြစ်နေရုံမဟုတ်ဘူး။ တချို့ အစိတ်အပိုင်းတွေဆိုရင် ကမ္ဘာမှာတောင်မှ မြန်မာ့နယ်နိမိတ်အပြင်ဘက်ထွက်ပြီးတော့ ကမ္ဘာ့နယ်နိမိတ်ထဲ။ မြန်မာ့နယ်နမိတ်ရဲ့ အပြင်ဘက်ကို ရောက်နေပါပြီ။ တစ်ခုတော့ရှိတယ်။ ဒေသစွဲ၊ ပုဂ္ဂိုလ်စွဲ အဲဒါတော့ရှိတယ်။ ဖျာပုံသားတွေမှာ ဒီစိတ်မရှိဘူးလို့ ယုံကြည်ပါတယ်။

သို့သော်လည်း ဆရာဇော်ဂျီက နိုင်ငံပိုင်ဖြစ် နေပါပြီ။ ကမ္ဘာက အသိအမှတ်ပြုထားပါပြီဆိုတဲ့ အသိစိတ်ကလေးတော့ မွေးကြပါလို့ ထပ်ပြီး သတိပေးချင်ပါတယ်။ နောက် ဆရာဇော်ဂျီရဲ့ စာပေဘဝကို ပြောရမယ်ဆိုရင် ဆရာဟာ မြန်မာစာ၊ ကဗျာလောကမှာ ဦးဆောင်ခဲ့ပါတယ်။ ဆရာ့ရဲ့ ကဗျာတွေဟာ ထောင့်တိုင်း နယ်တိုင်းထိ တိုးဝင်ပျံ့နှံ့နေပါတယ်။ ဗေဒါလမ်း ကဗျာတွေကို သာဓကဆောင်ရပါမယ်။ တခြား စာပေစွမ်းရည်များနဲ့ ပတ်သက်ပြီး တော့လည်း ဆရာဇော်ဂျီဟာ စွယ်စုံ၊ စာပေထောင့်စုံ ဦးဆောင်သူအနေနဲ့ ပြုစုပျိုးထောင်ခဲ့ပါတယ်။ ဆရာဟာ ဝတ္ထုတွေ ရေးသွားပါတယ်။ ဆရာ့ဝတ္ထု ပုဂံဈေးဆိုရင် အင်္ဂလိပ်ဘာသာပြန်ပြီးတော့ နိုင်ငံခြားမှာ ထုတ်တာ၊ ကျွန်တော်ကိုယ်တိုင် သိရပါတယ်။


mgyoe.com

mgyoe.com

နောက် မြန်မာစကားပြေနဲ့ ပတ်သက်ပြီး ဆရာဇော်ဂျီက တစ်ခေတ်ကို ထူထောင်သွားခဲ့ပါတယ်။ ကျွန်တော်တို့ကလည်း စာရေးဝါနုပါတဲ့ ပုဂ္ဂိုလ်ဖြစ်တော့ အမှန်အတိုင်း ကျွန်တော်ပြောမယ်၊ စာရေးဆရာ ရေးတဲ့စာတိုင်း ကျွန်တော် မဖတ်ဘူး၊ ဘာဖြစ်လို့လဲဆိုရင် စာဖတ်လိုက်လို့ရှိရင် သူ့ဆီကမရဘဲနဲ့ ကိုယ့်ဆီက ပါသွားမယ့်စာမျိုး ကျွန်တော် မဖတ်ဘူး။ ဖတ်လိုက်လို့ ကျွန်တော့်ကို အကျိုးပြုမယ့်စာ၊ တစ်နည်းမဟုတ်တစ်နည်း အကျိုးပြုမယ့်စာ၊ ကျွန်တော့်ရဲ့ စာပေအရေးအသားကို အထောက်အပံ့ပြုမယ့်စာ၊ အဲဒါမျိုးကို ကျွန်တော် ရွေးဖတ်တယ်။ ဒါ ကျွန်တော့်ရဲ့ အားပျော့ချက်လို့ ပြောချင်လည်း ပြောနိုင်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဦးထိပ်ထားပြီးတော့၊ ငြိပြီးတော့ ဖတ်ရတဲ့ စကားပြေတွေဟာ ဆရာဇော်ဂျီရေးသွားတဲ့ စကားပြေတွေ ဖြစ်ပါတယ်။

ဆရာဇော်ဂျီ စကားပြေရေးလို့ရှိရင် ကျွန်တော်တို့ မလွတ်တမ်း ဖတ်ပါတယ်။ ဖတ်တိုင်းလည်းပဲ ကျေးဇူးတစ်ခုမဟုတ်တစ်ခု ပြုသွားတာများတယ်။ ဆရာဇော်ဂျီရဲ့ စာပေစွမ်းရည်နဲ့ပတ်သက်ပြီး ခုနက သဝဏ်လွှာတွေ ကျွန်တော် နားထောင်ရပါတယ်။ သဝဏ်လွှာတွေဟာ အမှန်တော့ သဝဏ်လွှာတွေ မဟုတ်တော့ဘူး။ သဝဏ်လွှာပေးတဲ့လူတွေ ကိုယ်တိုင်ဒီမှာလာပြီးတော့ ဆရာဇော်ဂျီရဲ့ စာပေနဲ့ပတ်သက်ပြီးတော့ သူတို့ရဲ့ ထင်မြင်ချက်တွေကို ဟောနေသလို ပြောနေသလိုမို့ ဒီလိုပဲ အောက်မေ့ရတယ်။ သဝဏ်လွှာဆိုတာ တိုတိုတုတ်တုတ်ပဲ ရေးရတယ်။ အခုတော့ သူတို့ထင်မြင်ချက်တွေကို ဆောင်းပါးလို အရှည်ကြီးရေးပြီးတော့ ပို့တယ်။ ဒါ အင်မတန်ကောင်းပါတယ်။ သူတို့ကိုယ်တိုင် ဒီမှာလာပြီးတော့ ဟောပြောနေတယ်။ ဖတ်ကြားနေတယ်။ အဲဒီတော့ ခုနက ပြောသွားတဲ့ ဆရာသုခစကားထဲမှာလည်း ပါပြီး ကဗျာတွေလည်း ရွတ်ဆိုသွားပြီ၊ ဒီထဲမှာလည်း ပါသွားပြီ၊ အထူးကတော့ သဝဏ်လွှာတွေမှာ တော်တော်ကို ဖော်ပြပြီးသွားပြီ။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ကျယ်ကျယ်ဝင့်ဝင့် ထပ်ပြီးတော့ ပြောနေဖို့မလိုပါဘူး။

နောက်ဘာသာပြန်နဲ့ ပတ်သက်ပြီးတော့လည်း ဆရာဇော်ဂျီဟာ နိုင်ငံခြား ဝတ္ထုတွေ အများကြီးပြန်သွားတယ်။ ပြန်သွားတဲ့အထဲက ဆုတွေဘာတွေရခဲ့တယ်။ နောက် အတွေးအခေါ်နဲ့ပတ်သက်ပြီးတော့ ခုနကပြောသွားကြတဲ့ အထဲမှာ ပါပါတယ်။ ဖတ်သွားတဲ့ သဝဏ်လွှာတွေထဲမှာလည်း ပလေတိုနိဒါန်းတဲ့၊ ပလေတို


mgyoe.com

mgyoe.com


ဟာ ကျွန်တော်တို့ ရောမခေတ်က နိုင်ငံရေးအတွေးအခေါ် ပညာရှင်ကြီး၊ ရိုးရိုး အတွေးအခေါ် မဟုတ်ဘူး၊ သူတို့က နိုင်ငံရေး၊ ပလေတိုဟာ Republic ဆိုပြီး စာအုပ်တစ်အုပ်ရေးတယ်။ အဲဒီ Republic ဆိုတာ အားလုံးက ပြန်ကြတာတော့ သမ္မတနိုင်ငံဆိုပြီး ပြန်တယ်။ ဒါ အဓိပ္ပာယ်မပြည့်ဝဘူး။ ခုခေတ်ယူဆနေတဲ့ သမ္မတနိုင်ငံ မဟုတ်ဘူးခင်ဗျာ။ Republic ဆိုတဲ့ စကားလုံးရဲ့ အမှန်ကတော့ ဒီမိုကရေစီ သဘောတရားပါပဲ။ ဒီမိုကရေစီနိုင်ငံကို ပြောတာဆိုတော့ အယူအဆ တွေ အတွေးအခေါ်တွေကလည်း ခက်ခဲနက်နဲတယ်။ ဆရာဇော်ဂျီဟာ ပထမဆုံး ဘာသာပြန်ပေးတဲ့ ပုဂ္ဂိုလ်ပါ။

ဒါ အတွေးအခေါ်နဲ့ပတ်သက်ပြီး နောက် သဝဏ်လွှာတွေထဲမှာရော၊ ပြောသွားတဲ့ ပုဂ္ဂိုလ်တွေထဲမှာကော ထိတွေ့မသွားတဲ့ မြန်မာစာ မြန်မာယဉ်ကျေးမှု အတွက် ဆရာဇော်ဂျီ အကျိုးပြုသွားတဲ့ အချက်တစ်ခုရှိပါတယ်။ အဲဒါ ဘာလဲ ဆိုတော့ ရာမယနပါ။ ရာမယနဆိုတာ ဝါလမိကိဆိုတဲ့ ရသေ့ကြီးတစ်ပါးက နှစ်ပေါင်းများစွာက ရေးတယ်။ အဲဒီနောက် အဲဒီကျမ်းဂန်တွေကို အခြေပြုပြီးတော့ ရေးကြတာ၊ အခုထက်ထိ ရေးလို့ မဆုံးသေးပါဘူး။ အဲဒီထဲမှာ ထင်ရှားတဲ့သူ ဆုဒါး ဆိုတာ ရှိခဲ့တာပဲ။ သူက ရာမကို ဟိန္ဒူရှေးဟောင်းစကားနဲ့ ရေးတယ်။

ရာမဟာ အိန္ဒိယမှ စတင်ဖြစ်ပေါ်လာပြီး အိန္ဒိယမှာ သိပ်ပြီးပြန့်သွားတယ်။ အဲဒါ ဘာကြောင့်လဲဆိုတော့ ရာမရဲ့ အနှစ်သာရ၊ ရာမဝတ္ထုရဲ့ အနှစ်သာရက ဘာလဲဆိုရင် ဓမ္မနဲ့ အဓမ္မ အားပြိုင်တာ တရားမှုနဲ့ မတရားမှု အားပြိုင်တာ။ ဓမ္မနဲ့ အဓမ္မ အားပြိုင်တဲ့အခါ အခိုက်အတန့်အားဖြင့် အဓမ္မက အပေါ်စီးရချင်ရ လိမ့်မယ် မတရားမှုက အနိုင်ရချင်ရလိမ့်မယ်၊ သို့သော်လည်း နောက်ဆုံးပိတ် ကျတော့ အပြီးသတ်မှာ ဓမ္မက အနိုင်ရတယ်။ တရားမှုက အောင်ပွဲခံတယ်။ အဲဒီအယူအဆ၊ ဦးတည်ချက်ကို အနုပညာမြောက်စွာ ဖော်ပြထားတဲ့အတွက် ရာမဝတ္ထုဟာ အိန္ဒိယမှာလည်းပဲ ပြည်နယ်ပေါင်းများစွာမှာ ပြန့်ပွားတယ်။ ပြည်နယ်တိုင်းမှာလည်း ကိုယ့်မှုနဲ့ ကိုယ့်အရေးအသားနဲ့ ရေးကြတယ်။ အထူး အားဖြင့် အရှေ့တောင်အာရှနိုင်ငံတွေမှာ ပြန့်ပွားသွားတယ်။ နောက် နောက် မြန်မာပြည်ပါ ရောက်လာတယ်။ မြန်မာပြည်မှာလည်းမြန်မာ့ယဉ်ကျေးမှုရဲ့ တစိတ်တစ်ဒေသ ဖြစ်နေတယ်။

အဲဒီထဲက ဖျာပုံရာမဆိုတာ ထင်ရှားတဲ့ အစီအစဉ်တစ်ခု ဖြစ်ပါတယ်။


mgyoe.com

mgyoe.com

ဒီဖျာပုံမှ ရာမဟာ နှစ်ပေါင်းလည်းကြာပြီ။ အဲဒီလောက် အမြစ်တွယ်နေတယ်။ ဒီဖျာပုံက စာရေးဆရာကြီး စာပေခေါင်းဆောင်ကြီး ဆရာဇော်ဂျီဟာ ဘယ်ခေတ်ကမှ ရာမအကြောင်း သူ့လို ဘက်စုံသုတေသနလုပ်ပြီး ရေးခဲ့တာမရှိပါဘူး။ ဆရာဇော်ဂျီလက်ထက်ကျမှ ရာဇာတ်လမ်းဟာ ဇာတ်ထိုး ဇာတ်ကွက်တွေဟာ ဘယ်ကမြစ် ဖျားခံတယ်။ ဘယ်နိုင်ငံတွေကို ပြန့်သွားတယ်။ မြန်မာနိုင်ငံကို ဘယ်ပုံဘယ်နည်း ရောက်လာတယ်။ မြန်မာနိုင်ငံမှာ ဘယ်လိုပြန့်ပွားနေတယ် ဆိုတာကို သုတေသနလုပ်ပြီးတော့ မြန်မာလိုလည်း ရေးတယ်။

ငွေတာရီမဂ္ဂဇင်းမှာဆိုရင် လစဉ်အခန်းဆက်နဲ့ ရေးခဲ့ပါတယ်။ ဆရာဇော်ဂျီဟာ ရာမကို သိပ်စိတ်ဝင်စားတယ်။ ဒီနေ့ကြားတယ်။ ဒီဖျာပုံက ရာမကို လာကြည့်ပြီးတော့ သူက လမ်းညွှန်တယ်။ ကမယ့်ပုဂ္ဂိုလ်ကတစ်ဆင့် ကြားခဲ့တယ်။ ဒီတော့ ရာမကို သိပ်စိတ် ဝင်စားတယ်။ စိတ်ဝင်စားတဲ့အတိုင်းပဲ နှိုက်နှိုက်ချွတ်ချွတ် သုတေသနပြုတယ်။ နောက် အင်ဒိုနီးရှားမှာ လွန်ခဲ့တဲ့ နှစ် ၂၀ လောက်က ရာမပွဲတော်ဆိုပြီးတော့ ကျင်းပတယ်။ အဲဒီပွဲတော်မှာ နိုင်ငံတကာကိုလည်း ဖိတ်တယ်။ မြန်မာပြည်ကိုလည်း ဖိတ်တယ်။ အိန္ဒိယကိုပဲ ဆရာဇော်ဂျီက တစ်ခါ ရာမနဲ့ပတ်သက်ပြီးတော့ သွားဖူးတယ်။ အင်ဒိုနီးရှားကျတော့ သွားချင်ပေမယ့် အကြောင်းမညီညွတ်တဲ့အတွက် မသွားရဘူး။ သို့သော်လည်းပဲ ရာမ သုတေသနပြုထားတဲ့ စာတမ်းတစ်ခု အင်္ဂလိပ်လိုရေးပြီးတော့ အင်ဒိုနီးရှားသွားတဲ့ သူကို ပေးလိုက်တယ်။

အဲဒီလောက် မြန်မာ့ယဉ်ကျေးမှုရဲ့ အစိတ်အပိုင်းဖြစ်နေတဲ့ ရာမကို ဆရာဇော်ဂျီဟာ အများကြီး သုတေသနလုပ်သွားခဲ့တယ်။ ရေးသားသွားခဲ့တယ်။ ပြုစုသွားခဲ့တယ်။ အဲဒါဟာဖြင့် မြန်မာ့ယဉ်ကျေးမှု မြန်မာ့စာပေကို ဆရာ့အနေနဲ့ ထပ်ပြီးတော့ ကြီးပွားထွန်းကားလာအောင် ဖွံ့ဖြိုးလာအောင် ထပ်ပြီးတော့ ဖြည့်လိုက်တဲ့အချက်ပါပဲ။ အဲဒီတော့ ဆရာဇော်ဂျီရဲ့ စာပေစွမ်းရည်နဲ့ပတ်သက်ပြီး ဒီလောက်ပဲ ပြောပါရစေ။

ဆရာဇော်ဂျီဟာ ဖျာပုံမြို့ဇာတိဖြစ်သော်လည်းပဲ ဆရာဇော်ဂျီဟာ နိုင်ငံပိုင်ဖြစ်နေပြီ။ ဆရာဇော်ဂျီရဲ့ အထိမ်းအမှတ်ကိုလည်းပဲ ဖျာပုံမြို့မှာ အခုလို ကျင်းပပြုလုပ်တာ ကျွန်တော်တို့ အများကြီး ဝမ်းသာတယ်။ သို့သော်လည်း အားမရသေးဘူး။


mgyoe.com

mgyoe.com

စာပေမှာ ထွန်းပြောင်ခဲ့တဲ့ စာရေးဆရာကြီးတွေကို မေ့နေကြတယ်။ အထိမ်းအမှတ်ပွဲတွေ ဘာတွေ ကျင်းပရမယ် ဆိုတာ မကျင်းပဘူး။ ဟိုးလွန်ခဲ့တဲ့ ၁၀ နှစ် ၁၅ နှစ်လောက်တုန်းက မြန်မာစာပေ ပြန့်ပွားရေးအသင်းဆိုတာရှိတယ်။ အဲဒီ စာပေပြန့်ပွားရေးအသင်းက အဲဒါလေးတစ်ခုတော့ ချီးကျူးစရာကောင်းတယ်။ သူတို့က စာရေးဆရာကြီးတွေရဲ့ အထိမ်းအမှတ်တွေကို ကျင်းပပြုလုပ်တယ်။ ဥပမာအားဖြင့် ရှေးစာရေးဆရာကြီးတွေကအစ စိတ္တကျော်သူတို့။ အဲဒီမှာ မြန်မာစာပေပြန့်ပွားရေးအသင်းမှာ ပုဂ္ဂိုလ်တစ်ယောက်ရှိတယ်။ သူက ကျွန်တော့်မိတ်ဆွေပဲ။ မောင်ကြည်ရှင်တဲ့။ သူက စာရေးဆရာတွေရဲ့ အတ္ထုပ္ပတ္တိတွေကို ကြည့်ပြီးတော့ သက္ကရာဇ်တွေကို လျှောက်တွက်တယ်။ ဘယ်စာရေးဆရာကြီးတွေက ဘယ်နှစ်မှာ နှစ် ၅၀ ပြည့်မယ်။ နှစ် ၁၀၀ ပြည့်မယ်။ အဲဒါလျှောက်တွက်နေပြီ။ သူ့အလုပ်က အဲဒါပဲ။ အဲဒီနှစ်ရောက်တဲ့ နေ့ကျလို့ရှိရင် မွေးနေ့တို့ ဘာတို့ ကျင်းပနိုင်ကြဖို့၊ အထိမ်းအမှတ်ပွဲတွေ လုပ်နိုင်ကြဖို့ ပေါ့လေ။

နောက် ကွယ်လွန်တဲ့နေ့ ရောက်လို့ရှိရင် အထိမ်းအမှတ်လုပ်တယ်။ အဲဒီတုန်းက ဆရာမဟာဆွေတို့၊ သတင်းစာဆရာကြီး ဦးသိမ်းမောင်တို့၊ လယ်တီပဏ္ဍိတတို့၊ ဆရာကြီး သခင်ကိုယ်တော်မှိုင်းတို့ အထိမ်းအမှတ်ပွဲတွေ လုပ်ခဲ့တယ်။ ဒါတွေ အခုခေတ်မှာ အဲဒါမျိုးက မရှိတော့ဘူး။ အဲဒီတော့ ကျွန်တော် မြင်ချင်တာက အခု ဆရာ ဇော်ဂျီတို့လို ပုဂ္ဂိုလ်ကို နိုင်ငံအတိုင်းအတာနဲ့ အထိမ်းအမှတ်ပွဲတွေ လုပ်ရမယ်။ ကျွန်တော်ပြောတဲ့အသံဟာ ခြင်အော်သလောက် အသံပင်ဖြစ်စေကာမူ ကျွန်တော် ဒီစင်မြင့်က မြန်မာပြည်မှာရှိတဲ့ စာပေနဲ့ပတ်သက်တဲ့ ပုဂ္ဂိုလ်တွေကို အနူးအညွှတ် တိုက်တွန်းလိုက်ပါရစေ။ တိုက်တွန်းလိုက်ပါတယ်။ ဆရာဇော်ဂျီရဲ့ အထိမ်းအမှတ်ကို နောင်နှစ်ခါဆိုလို့ရှိရင် ဖျာပုံမှာလည်း ကျင်းပပါ။ ရန်ကုန်မြို့ပေါ်မှာ စာရေးဆရာ စာပေအဖွဲ့အစည်းတွေက အင်အားစုပြီးတော့ ကျင်းပသွားပါလို့ အနူးအညွှတ် ဒီနေရာကနေပြီးတော့ တောင်းပန်လိုက်ပါတယ်။

[၂၆–၉–၁၉၉၂]

□

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

## ပါမောက္ခ ဦးသန်းထွတ် ဟောပြောချက်

ကျွန်တော်တို့ ဒီအခမ်းအနားကိုတက်ဖို့ အတော်ကြိုးစားခဲ့ပါတယ်။ ဆရာမင်းယုဝေရယ်၊ ပညာရေးတက္ကသိုလ်က ပညာရေးစိတ်ပညာပါမောက္ခ ဆရာဒေါက်တာသိန်းလွင်ရယ်၊ ကျွန်တော်ရယ်က ဘယ်ကို ရောက်နေလဲဆိုတော့ ပုသိမ်ကို ရောက်နေတယ်။ ပုသိမ်ကျောင်းတွေမှာ။ တကယ်ရောက်တဲ့သဘောက ဆရာမင်းယုဝေက ကန်ကြီးဒေါင့်ဇာတိ၊ ပုသိမ်မြို့နယ်ထဲကဆိုတော့ သူရဲ့ ရပ်ကွက်ကိုလည်း ပြန်ချင်နဲ့ ဟောပြောပွဲတွေ အထကကျောင်းတွေမှာ သူလုပ်ခဲ့တယ်။ လုပ်ခဲ့တော့ အဲဒီမှာ အထက ၁၊ အထက ၂၊ နောက် ဆရာ့ရဲ့ မွေးရပ်မြေဖြစ်တဲ့ ကန်ကြီးဒေါင့်။ အဲဒီမှာ ဆရာပြောခဲ့တဲ့တာတွေ ကျွန်တော် ဒီအခမ်းအနားမှာ ဆက်စပ်ပြီးတော့ တွေးကြည့်ပါတယ်။

ဆရာမင်းယုဝေက ဘာပြောလဲဆိုတော့ ပုသိမ်မှာရှိတဲ့ ကလေးတွေ ကျောင်းသူ ကျောင်းသားပဲ ကျွန်တော်တို့က ဟောပြောပွဲလုပ်တဲ့ သဘောပါ။ အဲ ပုသိမ်မှာရှိတဲ့ နောင်တက်လာတဲ့ ကလေးတွေ၊ လူငယ်တွေကို သူက ပုသိမ်အကြောင်းလည်း သိစေချင်တဲ့သဘောနဲ့ သူပြောခဲ့တဲ့ အကြောင်းထဲမှာ ရပ်ရွာဇာတိက ထွက်သွားတဲ့ ပုဂ္ဂိုလ်တွေအကြောင်းကို တခမ်းတနား ပြောပါတယ်။ ဆရာမင်းယုဝေက "ကလေးတွေပေါ့၊ မင်းတို့ နိုင်ငံရေးသမိုင်းမှာ ပုဂ္ဂိုလ်ကျော် ၃ ဦး ဘိလပ်ကို လွတ်လပ်ရေးအတွက် သွားပြီးတော့ သပြေနုချိန် ဖေပုရှိန်ဆိုတာ မင်းတို့ကြားဖူးမှာပေါ့၊ အဲဒီထဲမှာ ဦးထွန်းရှိန်ဆိုတာ ဘယ်သူလဲ မင်းတို့သိကြလား" အဲ အဲဒီလို တပ်လှန့်လိုက်တယ်၊ ကျောင်းသားတွေကတော့ ငယ်တာကိုး "အဲဒါ တို့ပုသိမ်သား"ဆိုတော့ ကျောင်းသားတွေက သဘောကျတယ်။



mgyoe.com

mgyoe.com


မင်းတို့ မြန်မာနိုင်ငံမှာ ပထမဦးဆုံးသော ကာတွန်းနစ်ပေါ့ အဲဒီကာတွန်း လောကရဲ့ ဖခင်ပေါ့ "ဦးရွှေရိုးပေါ့၊ ရွှေရိုးဦးဗကလေး ရွှေရိုးဗကလေးပေါ့၊ အဲဒါဘယ်ကလဲ ပုသိမ်သား၊ ဦးရွှေရိုးအက စတွင်ခဲ့သူက ဦးရွှေရိုးဆိုတာ ဦးဗကလေးဆိုတာ တို့ ပုသိမ်ကပဲ"လို့ ဆက်ပြောတယ်။ ကျွန်တော် နားထောင်ပြီး ကြည့်နေတယ်။ "မြန်မာတို့ရဲ့ ဇာတိသွေးဇာတိမာန် တက်ကြွဖို့အတွက် မြန်မာ ရာဇဝင်ကိုရေးခဲ့တဲ့ ဦးဘသန်း (B.A.)ဆိုတာ မောင်တို့သိလား၊ တို့ပုသိမ်သား" ဆိုတော့ ကျွန်တော်တောင် သူပြောတာနားထောင်ပြီး ကြက်သီးထထလာတယ်။ တစ်ယောက်ပြီးတစ်ယောက် သူပြောသွားတယ်။

မြန်မာပါဠိစာပေ မြန်မာစာပေလောကမှာ Oneman Show ပေါ့။ သူ လည်းပဲ "ပါဠိမြန်မာဆိုတဲ့ အဘိဓာန်အတွဲ၊ နှစ်ပေါင်းများစွာကို တစ်ယောက်တည်း ကုပ်ကုပ်နဲ့လုပ်သွားပြီးတော့ ပြုစုသွားတဲ့ ပါဠိမြန်မာ အဘိဓာန်ကျမ်းကြီးရေးတဲ့ ဦးဟုတ်စိန်ဆိုတာ မောင်တို့သိသလား တို့ပုသိမ်ကပဲ" ဆိုတော့ ကလေးတွေ လည်း တော်တော်အားတက်ကြတယ်။ အဲဒီမှာ အမျိုးသမီး B.A.B.L အောင် တဲ့ ဝတ်လုံတော်ရဆိုတဲ့ အကြောင်းတွေလည်း သူပြောတယ်ဗျ။

အဲဒီတော့ ကျွန်တော် ဒီအခမ်းအနားရောက်တော့လေ ဆရာပါရဂူကလည်း ပြောတယ်လေ၊ ဆရာဦးသုခကလည်းပြောတဲ့ ရပ်ရွာတစ်ခုက မွေးထုတ်လိုက် တယ်ဆိုတာဟာ ပထမတော့ ဒေသလေးတစ်ခု၊ ကျိုက်လတ်ဆိုတဲ့ ဒေသသေးသေး လေးရယ်၊ အဲဒီကနေ ဆရာဦးသုခကို မွေးထုတ်လိုက်တယ်၊ တစ်နိုင်ငံလုံးပဲ မိဘမေတ္တာကို နားလည်တယ်။ ဆရာသမား ဂုဏ်ကျေးဇူးသိတာ ဖြစ်သွားအောင် ဆရာ ဦးသုခက အနုပညာနဲ့ စွမ်းဆောင်ထားတော့ ဒီလောက် ကြီးမားတဲ့ အင်အားစုတစ်စုကို မွေးထုတ်ပေးသလို ဖြစ်ရတယ်။ ဆရာမင်းယုဝေက အဲဒါ ပြန်ဖော်တဲ့အခါကျတော့ ကျွန်တော်က အဲဒါ သိပ်အရေးကြီးတယ်လို့ တွက် တယ်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရအောင် နတ်မောက်က ဗိုလ်ချုပ်အောင်ဆန်း ကို မွေးထုတ်ပေးလိုက်တာ၊ တတိယနိုင်ငံကို တည်ထောင်ပေးဖို့ကို ရွှေဘိုက မုဆိုးချုံရွာက အလောင်းဘုရား မွေးပေးလိုက်တာ။ သူက မုဆိုးဘိုရွာဇာတိပဲ။ အဲဒီတော့ ကျွန်တော်က ဒေသတစ်ခု ရပ်ရွာတစ်ခုက မွေးဖွားပေးလိုက်တဲ့ ပုဂ္ဂိုလ်ဟာ သူ့ဒေသသာမက နယ်နိမိတ်တွေ ကျယ် ကျယ် ကျယ် ကျယ် ပြီးတော့ ဆရာပါရဂူ ပြောသလိုပါပဲ ဆရာဇော်ဂျီဆိုရင် ဖျာပုံကတင် ပိုင်တာ


mgyoe.com

mgyoe.com


မဟုတ်ဘူး။ သူက နိုင်ငံတော်ကလည်း ပိုင်တာပဲ။ ကမ္ဘာကလည်း သိပါတယ် ဆရာ့ကို။ အဲဒီတော့ ဆရာပါရဂူပြောတာကို ထပ်ထောက်ခံချင်တာပါ။ ဒါတောင်မှ ပထမအကြိမ်ဖြစ်မြောက်အောင် ကျင်းပရတဲ့ပွဲပေါ့။ အမှန်က ဒါ့ထက် ကျယ်ကျယ်ပြန့်ပြန့် ကျင်းပပြီးသင့်တယ်။ ပြီးတော့ ကမ္ဘာ့အရပ်ရပ်မှာ ဒီလိုပုဂ္ဂိုလ်တွေရဲ့ အမှတ်အသား ရုပ်တုတွေ ကဗျာရွတ်ပွဲတွေ ချီးကျူးဂုဏ်ပြုပွဲတွေဆိုတာ လုပ်တာပဲ။ ဘာကြောင့်လဲဆိုတော့ ဆရာတို့ ပေးလိုက်တဲ့ဟာတွေက အများကြီးရှိတာပဲ။ အဲဒါကြောင့် ကျွန်တော့်ကိုလည်း ဆရာဇော်ဂျီရဲ့ တပည့်လို့ ဆရာကလည်း အသိအမှတ်ပြုတယ်။

ကျွန်တော့်ကို ဒီပြင်လူကတော့ သိမှာမဟုတ်ပါဘူး။

ကျွန်တော်က စာရေးဆရာလည်း မဟုတ်ပါဘူး။ ကျောင်းဆရာပဲ ဖြစ်နေတယ်။ ဆရာဇော်ဂျီရဲ့ စာတွေနဲ့ ကျွန်တော်တို့က ကြီးပြင်းလာတာ။ ဆရာဇော်ဂျီရဲ့ ကဗျာတွေဖတ်ပြီးတော့ ကျွန်တော်တို့ ရင့်ကျက်လာတယ်။ ဆရာဇော်ဂျီ စာပေတွေဖတ်ပြီး ကျွန်တော်တို့က လူဆိုးဖြစ်ဖို့ သိပ်ခဲယဉ်းတာပဲ။ ကျဦးမြောင်းတဲ့ အယူအဆရှိတဲ့လူဖြစ်ဖို့ သိပ်ခဲယဉ်းသွားတယ်။ ဆရာက သိပ်ရင့်ကျက်တာပဲ။

နောက် ဆရာ ကျွန်တော်တို့ကိုပေးတဲ့ အတွေးအခေါ်က ကျွန်တော်တို့ ပညာရေးတက္ကသိုလ် အနေနဲ့ Term Paper တွေ Thesis သီးစစ်တွေလုပ်တော့ ဆရာတို့နဲ့သွားပြီး Interview လုပ်ပြီးတော့ ဆရာတို့နဲ့ ကျောင်းသားတွေကို မေးခိုင်းမြန်းခိုင်း ဆရာတို့ အယူအဆတွေ ယူခဲ့၊ ဒါတွေပဲ ကျွန်တော်တို့က ကျောင်းသားတွေ ဆရာလောင်းတွေ အမြဲသင်ခဲ့ရတာဆိုတော့ ဆရာတို့ရဲ့ သဘောတရားတွေ ကျွန်တော်တို့က ဒိုင်ခံဖြန့်တာ၊ အဲလိုဖြန့်တော့ ဆရာတို့ အကြောင်း ပြောကြမယ်ဆိုတော့ ကျွန်တော်လည်း နည်းနည်းတော့ ပြောချင်စိတ် ရှိလာတယ်။ အဲဒါကြောင့်ပေါ့လေ ဟောဒီ အခမ်းအနားမှာ ဆရာ့အကြောင်း ပြောခွင့်ရတာ ကျွန်တော်တော့လေ ဂုဏ်လည်းယူပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။ အထူးသဖြင့် လူငယ်တွေအတွက် ဒေသဟာ အရေးကြီးတယ်ဆိုတာဟာ narrow minded သဘောတော့လည်း မဟုတ်ဘူး။ ခုနက ဇာတိပုည ဂုဏ်မာနပေါ့လေ။ ဒါတို့ရပ်ရွာကပဲ။ စောစောက ဆရာပါရဂူပြောသလိုပဲ ရွာက ဘုရား ရွာသားမကြည်ညိုဆိုတာမျိုးတော့ မဖြစ်သင့်ဘူးပေါ့။ တို့ရွာ တို့ခလေ့နဲ့ တို့ရဲ့ဘာသာ၊ တို့နိုင်ငံအတွက် အင်မတန်ကြီးမြတ်တဲ့ ပုဂ္ဂိုလ်ပဲဆိုတာ သဘော


mgyoe.com

mgyoe.com


ထားဖို့ လိုတတ်တယ်။'

ဒါကြောင့် တစ်ခါတလေ ကိုယ့်စိတ်ထဲ ထိုင်နေရင်းတောင်ပေါ့လေ အောက်မေ့မိတယ်။ ဆရာဇော်ဂျီ့အကြောင်းမှ မသိရင်လည်း ဖျာပုံသားလို့ နာမည်ခံတာ သိပ်အဓိပ္ပာယ်မရှိဘူးလို့တောင် ကျွန်တော့်စိတ်ထဲ အောက်မေ့မိပါတယ်။ နောက်တစ်ချက်က ဆရာက ကျွန်တော်တို့ကို ဘာတွေ အတွေးအခေါ် ပေးခဲ့သလဲ ဆိုတဲ့ကိစ္စ၊ ဒါ ကျွန်တော် တော်တော်လေး လက်လှမ်းမိပါတယ်။

ပထမတစ်ခုက ဘာလဲဆိုတော့ ဆရာရေးတဲ့ အစောဆုံး ရေးတဲ့ ဆရာ့ကဗျာတွေ ကျွန်တော်တို့ ကြိုက်လေ့ကြိုက်ထမရှိဘူး။ ငယ်ငယ် တုန်းက အမှန်အတိုင်းဝန်ခံတာ ဆရာမင်းသုဝဏ် ကဗျာတွေကြိုက်တယ်။ ချောတယ်။ သူက အလွမ်းပါတယ်။ ဆရာမင်းသုဝဏ် ကဗျာလေးတွေက ရလွယ်တယ်။ ဆရာဇော်ဂျီကဗျာတွေက ထောင့်တယ်၊ မာတယ်၊ သူက။ ဒါပေမဲ့ ကြီးလာတော့မှ ကျွန်တော်သိတယ်။ အနက်အဓိပ္ပာယ်ကျတော့ သူက ပိုလေးနက်တယ်၊ 'ကြောင်မနက်ပြာ'ဆိုတဲ့ကဗျာ ကြောင်မနက်ပြာဆိုတဲ့ ကဗျာဟာ ကျွန်တော်တို့ တော်တော်လေ့လာပြီးကျတော့မှ သိတဲ့သဘောတရား၊ သီအိုရီတစ်ခုကို ဆရာက ပြောတာ။ အမှန်က Content and Form ဆိုတဲ့ အတွင်းသရုပ်နဲ့ အပြင်ပန်း သဘောဆိုတာကို ပြောတာ။ ကြောင်မလေးက အနက်ရောင်လေး၊ သိပ်လှတာ· မျက်လုံးလေးက လက်လက်နဲ့ ချီးကျူးစရာ လုပ်လို့ရတယ်။ ဒါပေမဲ့ ကွာတဲ့ မင်းစိတ်တွင်းကတော့ ဟိုးအပေါ်မှာ ပြေးလွှားနေတဲ့ ကြွက်ကလေးကို ခုတ်စားချင်တဲ့ သဘောလေးတွေ သွားတွေ့ရတယ်တဲ့။ အဲတော့ မင်းအလှကတော့ ဟုတ်ပါရဲ့ မင်းရဲ့အတွင်းစိတ်ကတော့ inner mind ကတော့ မဟုတ်သေးဘူးလို့ ဆရာပြောတာ၊ ဒီတော့ ကျွန်တော် တို့ lecturer ဖြစ်လာတော့မှ ဒီကဗျာဟာ တို့အပြင်ပန်း အလှက သိပ်အရေးကြီးတာမှ မဟုတ်တာပဲ။ အတွင်းစိတ်က အင်မတန် အရေးကြီးတယ် ဆိုတဲ့အချက်က သွားတွေ့ရတယ်။ ဒါတစ်ခုပေါ့။ နောက်တစ်ခုက 'လှိုင်းကလေးသင်'ဆိုတာ လှိုင်းကလေးသင်ဆိုတာ အင်းဝက ဆရာ အညာသား ပြောသလိုပေါ့။ သူတို့ ဘယ်သိနိုင်ပါ့မလဲ။ ကျွန်တော်တို့ အောက်အရပ်ကတော့ သိတာပေါ့။ ခရာပင် ဆိုလည်းသိတယ်။ လတာဆိုတာ လည်းသိတယ်။ လမုဆိုလည်း သိတယ်။ ဒီ အပင်တွေ ကြိုက်သလိုကစားပြီး ဒိုင်ဗင်ထိုးလာတာလေ။ ကျွန်တော်တို့က ဒီတစ်ကြော အကုန်သိတာပဲ။ ဒီလှိုင်းတွေရဲ့ တက်တာဆင်းတာ။



mgyoe.com

mgyoe.com


ဆရာဟာ လှိုင်းတွေကို သိပ်စိတ်ဝင်စားတယ်။ ဘယ်က လာသလဲ ဘယ်ကိုသွားသလဲဆိုတာ ဒါတွေဟာ အရေးမကြီးဘူးတဲ့။ လှိုင်းကလေးသင်က ပြောတာ။ သူ ဘယ်လိုလာသလဲဆိုတာ အရေးကြီးတယ်တဲ့။ ဘယ်လိုလာသလဲ ဆိုတော့ လောကကောင်းကင်ယံမှာ ဖြတ်သန်းနေတဲ့ စင်ရော်ငှက် အင်မတန် မောနေတယ်။ အဲဒီမောနေတဲ့ စင်ရော်ကလေးကို လှိုင်းကလေးက ကျောပေါ်မှာ တင်ပြီးတော့ ကမ်းစပ်ကိုရောက်အောင်ပို့တာ။ ဒါ တော်တော်ချီးကျူး စရာကိစ္စပဲတဲ့။ အဲဒါက အရေးကြီးတယ်ဆိုတော့ ဆရာဇော်ဂျီက လှိုင်းကို လှိုင်းသက်သက်ပြောတာ မဟုတ်ဘူး။ Image ဟာ အင်မတန် Powerful ဖြစ်တယ်။ စာနာစိတ်၊ ကူညီစိတ်ဆိုတဲ့ လောကမှာထားကောင်းတယ်လို့ ဆရာ ဇော်ဂျီက ကျွန်တော်တို့ကို သင်ပေးလိုက်တာပဲလို့ သိတဲ့နေ့ရက်ကစပြီး ဒီနေ့ထိအောင် ကျွန်တော်တို့စိတ်ထဲ မှာ တတ်နိုင်သလောက် လောကကို ကူညီချင်တာ။ ဒီလှိုင်းကလေး လင်က သင်ပေးလိုက်တဲ့ သဘောတရားပါပဲ။

နောက်တစ်ခုက 'တိမ်လွှာ' ဆိုတဲ့ကဗျာ။ ကျွန်တော်တို့ လူတွေက တော်တော် တိမ်လွှာပေါ်တက်ပြီး စိတ်ကူးယဉ်တတ်ကြတာပဲ။ အဲဒီတော့ ဆရာက ကျွန်တော်တို့ကို မြေကြီးရောက်အောင် ပြန်ဆွဲချတယ်။ လောကထဲမှာ နေ လောကကြီးအကြောင်းကို သိအောင်ကြိုးစားလို့ပြောတဲ့ ကဗျာကို ကြည့်ပြီး တော့ ကျွန်တော်တို့ အောက်ခြေလွတ်တာတွေ ပြန်ပြီး ဆင်ခြင်နိုင်ခဲ့တယ်။ ပုဂံဈေးဝတ္ထုထဲမှာ ပုဂံဈေးဟာ အင်မတန်ကြီးကျယ်တဲ့ ဝတ္ထုတိုတစ်ပုဒ် ဖြစ် တယ်။

ဒါ ဘာလဲဆိုတော့ လောကကြီးမှာ ပဏ္ဍိတဆိုတဲ့ ပုဂ္ဂိုလ်တွေ လောကထဲမှာ အမှန်တရားကို ရှာတဲ့အခါမှာ စာအုပ်တွေထဲမှာချည်းပဲ ရှာလို့မရဘူးတဲ့။ လောကထဲကို ဝင်ကြည့်တဲ့ အမှန်တရားကို သူသိတယ်တဲ့ဆိုတဲ့ သဘောကို ပြောလိုက်တယ်။ အမှန်တော့ ကျွန်တော်တို့ ကျောင်းဆရာတွေကော ပညာရေး တက္ကသိုလ်က ကျွန်တော်တို့ ကိုယ်တိုင်က Libarary ရယ်၊ စာအုပ်ရယ် Lecture သင် ဘဝက ဒါပဲ။ တကယ်တမ်း ကျေးလက်တွေ တောရွာတွေဆင်း တော့မှ ဒါတွေမေ့မရပါလား။ ကားလမ်းက ဒီလိုဆိုးပါလား။ ရေကလည်း ဒီလိုခက်ပါလား။ အဲဒါ ပုဂံဈေးပဲ။ သဘောကပေါက်ပေါက်လာတယ်။ အဲဒီတော့ ရန်ကုန်မှာနေတုန်းကတော့တစ်မျိုးပဲ၊ စိတ်ထဲက ဆရာ ကျွန်တော်တို့ကိုလောက ထဲဝင်ကြည့်၊ လောကထဲဝင်ကြည့်လို့ပဲ ရေးပြတယ်လို့ပဲ ထင်ပါတယ်။


mgyoe.com

mgyoe.com

နောက်တစ်ချက်က ဗေဒါလမ်း။ ဆရာမင်းသုဝဏ်ရဲ့ စာပေအဖွဲ့ဟာတဲ့ ဘကြီးအောင် ညာတယ်လို့ပြောတယ်။ နဝဒေးရဲ့ စာပေအဖွဲ့ဟာ ရှင်နှောင်းလို့ပြော တယ်။ နတ်သျှင်နောင်ရဲ့ စာပေအဖွဲ့ဟာ ဓာတုကလျာလို့ပြောတယ်။ ဆရာ ဇော်ဂျီရဲ့ စာပေအဖွဲ့ဟာ ဗေဒါလမ်းလို့ပြောတယ်။ ဗေဒါလမ်းဟာ ဆရာဇော်ဂျီရဲ့ Master piece ပဲ။ ဂန္ထဝင်မြောက် လက်ရာ။ ဒါ ဆရာ အရင့်ကျက်ဆုံးကာလမှာ ရေးတဲ့ ကဗျာဖြစ်တယ်။ ကျွန်တော်ကလည်း ကံကောင်းတယ်။ မန္တလေးဆရာ အတတ်သင်မှာ ဆရာလုပ်တော့ ဆရာ ဦးမောင်မောင်တင်နဲ့ ဆရာဇော်ဂျီက အဲဒီဥစ္စာကို အခွေသွင်းထားတယ်။ 'ငါသွင်းထားတယ်ကွ ကိုသန်းထွတ် မင်း လာနားထောင်ကြည့်စမ်း' တဲ့။

ဆရာဇော်ဂျီက မန္တလေးတက္ကသိုလ်မှာ ဝတ္ထု ပို့ချရင်းနဲ့ ရောက်သွားတာကိုး၊ ရောက်သွားတော့ အဲဒီမှာ ဒီဗေဒါလမ်းကို ဆရာ နိဒါန်းလေးပျိုးလိုက် ကဗျာ ကို ဆိုလိုက် သွင်းထားတာဆိုတော့ ကျွန်တော် နားထောင်ရတယ်။ အဲဒါနဲ့ ဆရာဇော်ဂျီက သဘောတရားတွေ ပြောပြတယ်။ ဒါကဟော့ အားလုံး သိပြီး သားပါပဲ။ လောကဓံကို ပြောတာပါပဲ။ ဒေါက်တာလှဖေတို့ ဘာတို့ ဗေဒါလမ်းနဲ့ ပတ်သက်လို့ ဝေဖန်တာတွေ ရှိပါတယ်။ ဗေဒါလမ်းတစ်ခုလုံးကလည်း regu-lar changes of life ပေါ့။ This is a truth ပုံမှန်လောကကြီးမှာ အတက် အကျတွေ အထိုးအနှက်တွေရှိတယ်။ သို့သော်လည်းပဲ ဒီလိုပဲ ကြံ့ကြံ့ခံပြီးတော့ အားမာန်ဆိုတာ တင်းရတာပဲ။ ဘဝဆိုတာ ဒါပဲ။ အဲဒီတော့ ဆရာဇော်ဂျီ အဲဒီမှာ ညိုပြာပြာကို ဆိုပြပါတယ်။

ဆရာက ဆရာဦးမောင်မောင်တင်ကို ပြောပါတယ်။ "ငါဆိုတာကတော့ ကြည်ကြည်ငွေး လောက်တော့ ကောင်းမှာမဟုတ်ဘူးကွ"တဲ့။ "ကဗျာဆိုတဲ့ ဆိုတဲ့ဆိုနည်း" ဆရာ့အသံနဲ့ ဆိုထားတာရှိပါတယ်။ ဦးမောင်မောင်တင်ဆီ မှာ။ အဲဒီအခွေတစ်ခွေလုံးမှာ ဆရာ ဦးမောင်မောင်တင်ကို ပြောတာ ကျွန်တော် မှတ်မိတာတစ်ခုပဲရှိတယ်။ သိပ်ကောင်းတာပဲ။ "မောင်မောင်တင်တဲ့ ဗေဒါဆိုတာ နင်တို့ မန္တလေးမှာလည်း ရှိတာပဲကွ၊ ကျုံးထဲမှာတဲ့။ အဲဒီ ဗေဒါ မဟုတ်ဘူး "ငါပြောချင်တာ မင်းတို့ကျုံးထဲက ဗေဒါမဟုတ်ဘူးကွ၊ ဒီရေအတက်အကျရှိတဲ့ လောကဓံကို ရင်ဆိုင်တဲ့ ဗေဒါတဲ့။ ဟိုဟာက ငြိမ်နေတာကိုး။ "မင်းတို့ ဗေဒါက ဒီကျုံးထဲမှာ ဘယ်မှလည်းမသွား၊ ဒီမှာပဲပွား၊ ဒီမှာပဲသေ၊ ဒီလိုမဟုတ် ဘူးတဲ့၊ ငါပြောချင်တဲ့ဗေဒါက မြစ်ဝကျွန်းပေါ်က ဗေဒါတဲ့။ ရေစီး၊ ရေလာ


mgyoe.com

mgyoe.com


ရှိတယ်။ ဒီအတက်အကျရှိတယ်"တဲ့။

အဲဒီတော့ ကျွန်တော် အဲဒါလေး မှတ်သားမိတယ်။ ဆရာဇော်ဂျီ့အကြောင်း ပြောမယ်ဆို အများကြီးရှိတာပဲ။ နောက်တစ်ချက်ကတော့ ဆရာဇော်ဂျီ ပြောခဲ့တဲ့အထဲမှာ မှတ်မိတဲ့ဟာတစ်ခုက ပုဂံ၊ ဆရာဇော်ဂျီဟာ ပုဂံကို ဘယ်လောက် အမွမ်းတင်သလဲ။ ရှေးခေတ် ပုဂံပြည်၊ နွေဦးကျက်သရေတို့ ဘာတို့မှာ ပုဂံ အကြောင်း တော်တော်များများ ဆရာရေးတယ်။ ပုဂံသာ မရှိခဲ့ရင် ပုဂံဆိုတဲ့ အခန်းကဏ္ဍ ခေတ်ကြီးတစ်ခေတ်ကို ဖြတ်ခဲ့ရင် အနော်ရထာသာ မရှိခဲ့ရင် ကျန်စစ်သားသာ မရှိခဲ့ရင် အာနန္ဒာသာ မရှိခဲ့ရင် သရပါတံခါးသာ မရှိခဲ့ရင် ဆရာ သိပ်စိုးရိမ်တယ်။ ဒီမှာပဲ Foundation ချတာ။ ဒီမှာပဲ ဗုဒ္ဓယဉ်ကျေးမှု အလင်းရောင်ကို ထွန်းညှိခဲ့တာ။ ဒီမှာပဲ သတ္တိပြတာ၊ လက်ရုံးရည်နှလုံးရည် ဒီပုဂံမှာပြတာ။

ကိုလိုနီခေတ်မှာ ဒီအင်အား၊ ဒီသမိုင်းကြောင်းကို မပြရင် ဘယ်ဖြ ာမလဲ ဆိုပြီးတော့ ဆရာဇော်ဂျီဟာ ထလော့မြန်မာ အိုမြန်မာတို့၊ ရှေးခေတ်ပုဂံပြည် တို့ဆရာ ပြန်ပြောတာ ကြက်သီးထအောင် ဆရာပြောခဲ့တာ။ ကျွန်တော်တို့ ကျောင်းဆရာဖြစ်တော့လည်း လက်သီးလက်မောင်းတန်းပြီးတော့ သင်ခဲ့ပါတယ်။ ဆရာ့သဘောကို ကျွန်တော်တို့ သဘောပေါက်တယ်။ နောက်ပြီးတော့ ဆရာ့ အမေပြောတာကို ဆရာကပြန်ပြောတယ်။ "မောင်တို့က မျိုးချစ်စိတ်၊ မျိုးချစ်စိတ်နဲ့ တော်တော်ပြောကြတယ်"တဲ့၊ မျိုးချစ်စိတ် ပြောတဲ့လူက မေးရဦးမယ် နေစမ်းပါ ဦးတဲ့၊ ပုဂံရောက်ဖူးသလားတဲ့။ ကျွန်တော်က အဲဒီမေးခွန်းကို အစက တော်တော် သဘောမပေါက်ဘူး။ ကျွန်တော်က အောက်ပြည်အောက်ရွာ မော်လမြိုင်ကျွန်းက ဆိုတော့ ပုဂံရောက်ဖို့ဆိုတာ တော်တော်ခဲယဉ်းတယ်။ ပုဂံကို အသုံးလုံး စာတတ်မြောက်ရေး ဗဟိုကော်မတီ ဘာညာပါတော့ ကျွန်တော်တို့ ရောက်တယ်ဗျ။ ပုဂံလည်းရောက်ရော ဆရာဇော်ဂျီကို ထိုင်ပြီးရှိခိုးတယ်။ ကျွန်တော် အဲဒီမှာ ဒီလောက်ကြီးမားကြီးကျယ်တဲ့ ဗိသုကာလက်ရာတွေကို တွေ့တယ်။ ကျွန်တော် ကြောက်ခမန်းလိလိဖြစ်တယ်။ ၁၁ ရာစုလေ၊ ကျွန်တော် ကြက်သီး တကယ်ထ တယ်ဗျာ။ ရွှေစည်းခုံရောက်တော့လည်း ကျွန်တော် ကြက်သီးထတယ်။

ကျွန်တော်တို့ အောက်အရပ်မှာတွေ့တဲ့ ဘုရားရှေ့က ခြင်္သေ့ဆိုတာတောင် တော်တော်သွယ်သွယ်လျလျ ရွှေစည်းခုံရှေ့က ခြင်္သေ့လည်းတွေ့ရော တကယ့်ကို ကြက်သီးထတယ်။ ကြောက်ကိုကြောက်တယ်။ မာန်ကိုပြတယ်။ ဇာတိသွေးကို


mgyoe.com

mgyoe.com


ပြတယ်။ 'မြန်မာဟော့'ဆိုတာကို နောင်လာနောက်သားတွေကိုပြတာ၊ သေးသေးမွှားမွှား တစ်ခုမှမလုပ်ခဲ့ဘူး။ အကြီးအကျယ်ကြီး လုပ်ခဲ့တယ်။ အဲဒါ ၁၁ ရာစုက လုပ်ခဲ့တာ။ အဲဒီတော့ ဆရာဇော်ဂျီ ပုဂံကို ဘာကြောင့် emphasize လုပ်နေသလဲဆိုတာ ကျွန်တော် သဘောပေါက်ခဲ့ပါတယ်။ အဲဒါ ၁၉၃၅ မှာ ရေးတာကတော့ ဆရာရဲ့ အတွေးအခေါ်ရဲ့အချုပ်ပါ။ ဆရာဆုံးပြီး အရိုးအိုးကို အုတ်ဂူသွင်းတော့ ဆရာ့သမီးတွေက ကျောက်တိုင်လေးလုပ်တယ်။ အဲဒီအပေါ်မှာ ဆရာရေးတဲ့ သင်သေသွားသော်ဆိုတဲ့ ကဗျာ ရေးထွင်းတယ်။ အဲဒါ ဆရာ့ဖလော်ဆော်ဖီ၊ ဆရာ့အတွေးအခေါ်ရဲ့အချုပ်ကံ လူဆိုတာဟာ ကိုယ်အသက်ရှင်စဉ်က ဘာလုပ်ခဲ့သလဲဆိုတာ အရေးကြီးတာ။

အဲဒီတော့ မင်းသေသွားရင် မင်းနိုင်ငံအတွက် ဘာလုပ်ခဲ့သလဲ၊ မင်းကိုးကွယ်ယုံကြည်တဲ့ ဘာသာတရားအတွက် ဘာလုပ်ခဲ့သလဲ၊ မင်းမြတ်နိုးတဲ့ စာပေအတွက် ဘာလုပ်ခဲ့သလဲ။ အဲဒါတွေအတွက် မင်း တာဝန်ကျေပြီး သေသွား။ အဲဒီဟာ အသေကောင်းပဲလို့ ပြောတော့၊ အဲဒါကြောင့် ဒီကဗျာလေးကိုဖတ်ပြီးတော့ ကျွန်တော်တို့ ဘယ်လိုသေရမယ်ဆိုတာကို သဘောပေါက်ခဲ့တယ်။

နောက်တစ်ချက် ပလေတို နိဒါန်းကိစ္စ၊ ပလေတိုနိဒါန်းကို ဆရာကြိုက်တာက တပည့်နဲ့ ဆရာက အမေးအဖြေလုပ်ပြီး အမှန်တရားကို ရောက်အောင် သွန်သင်တဲ့နည်းပါ။ ကျွန်တော် ထင်တယ်။ ဆရာဇော်ဂျီကြိုက်တာ ပလေတိုနိဒါန်းထဲက သဘောတရား လည်းပါတယ်။ ဆိုကရေးတီးရဲ့ ဘဝကို လည်း သဘောကျပုံရတယ်။ ဘာကြောင့်လဲဆိုတော့ စဉ်းစားကြည့်ပေါ့လေ။ တစ်သက်လုံးပြောလာတဲ့ သဘောတရားကို မှားတယ်လို့ပြောရင် အသက်ရှင်၊ 'မှားပါပြီဗျာ' လို့ပြောရင် confess ပေးရင်အသက်ရှင်။ 'မမှားဘူးဟေ့ ထာဝရမှန်ဦးမယ်' လို့ ယုံကြည်နေခဲ့ရင်တော့ ဟောဒီ အဆိပ်ခွက်ကိုသောက်။ သူတို့ခေတ်က သေဒဏ်ဆိုတာ အဆိပ်ခွက်ကို သောက်ရတာကိုး။ တပည့်တွေနဲ့ တရားစကား ဆွေးနွေးပြီးတော့ သူက အမှန်တရား ပြောခဲ့တဲ့သူပဲ။ တပည့်တွေရှေ့မှာပဲ အဲဒီ အဆိပ်ခွက်သောက်ပြီး ရဲရဲဝံ့ဝံ့ သေပြတယ်။ အဲဒီလို အမှန်တရားအတွက် အသက်ကိုစွန့်ခဲ့တယ်ဆိုတဲ့ ဆိုကရေးတီးရဲ့ Life ကို ဆရာဟာ တော်တော်မြတ်နိုးတာပဲ။

ဒါကြောင့် တော်တော်ခက်တဲ့ Philosophy Department က Profes-



mgyoe.com

mgyoe.com


s၀၊ ဒေါက်တာခင်မောင်ဝင်း ကိုယ်တိုင် တော်တော်လက်ဖျားခါရတဲ့ ပလေတို နိဒါန်းကို ဆရာ ဘာသာပြန်သွားတာပဲ။ အဲဒီလောက် ဆရာလေးစားပြီး ပြန်သွားတဲ့ အဲဒီကျမ်းဟာ ကျွန်တော်တို့အတွက်လည်း တော်တော်ရခဲ့ကြရပါတယ်။ ဒါကြောင့်ပေါ့ စာရေးဆရာတစ်ယောက်က မြန်မာပြည်ရဲ့ စာပေရေစီးကြောင်း ထဲမှာ ဆရာဇော်ဂျီလို ဖလော်ဆော်ဖာ တစ်ယောက်၊ ဒဿနဆန်တဲ့ စာဆိုကြီး တစ်ယောက်ကို မြန်မာနိုင်ငံက ရလိုက်တာဟာ အင်မတန်ကြီးကျယ် ပါတယ်တဲ့။ အဲဒီလိုရေးပါတယ်။ ကျွန်တော် နိဂုံးချုပ်ပါမယ်။ ဒီလောက် ဆရာ့အကြောင်းကို ပြောရရင် ကျွန်တော့်ရင်ထဲမှာ ကျေနပ်ပါတယ်။ ဆရာက ဦးဖေမောင်တင် အသက် ၈၀ ရောက်တော့ မွေးနေ့ကျင်းပတယ်။ တက္ကသိုလ် ဓမ္မာရုံမှာ၊ အဲဒီမှာ ဆရာဇော်ဂျီကလည်း စကားပြောပါတယ်။ ကျွန်တော် မှတ်ထားတယ်ဗျာ။ အဲဒီဟာကို "လူတွေဟာတဲ့ သစ်ပင်တစ်ပင်ရဲ့ ကြီးပွားခြင်းကို စည်ပင်ခြင်းကို တိုးတက်နေတာ ဝေဆာနေတာကိုပဲ မြင်ကြတယ်တဲ့။ အဲဒီသစ်ပင်ကို ပြုစု ပျိုးထောင်နေတဲ့ ဥယျာဉ်မှူးကိုတော့ မြင်ခဲတယ်" တဲ့။ လူတွေဟာတဲ့ အကျိုး တရားကိုသာ သိဖို့လွယ်တယ်တဲ့။ အကြောင်းတရားကို မေ့နေတတ်ကြတယ်။ ဆရာက ဦးဖေမောင်တင်ရဲ့ ကျေးဇူးကိုသိအောင် ပြောသွားတယ်။

ဆရာကြီး ဦးဖေမောင်တင်ဟာတဲ့ တကယ့်ကို ကိုလိုနီခေတ်တုန်းက ကောလိပ်ကို တက္ကသိုလ်အဆင့်ကိုရောက်အောင် ထူထောင်ခဲ့တယ်ဆိုတာ ဘယ်လောက် အရေးကြီးတယ်ဆိုတာ အားလုံးသိပေမယ်လို့လည်း ပညာရေးရော စာပေပါ အဘက်ဘက်က တိုးတက်တာသိတယ်။ ဦးဖေမောင်တင် ကျေးဇူးသိတဲ့လူဟာ နည်းတယ်။ ဒီသဘော ပြောတာပါ။ သိတာကလည်း တော်တော် နည်းပါတယ်။ ဆရာကြီးဟာ ဆင်းဆင်းရဲရဲနဲ့ ဆုံးသွားတာပါ။ တကယ်လုပ်ခဲ့တဲ့ ပုဂ္ဂိုလ်ပါ။ အဲဒါကြောင့် အခု ဆရာဇော်ဂျီ ကွယ်လွန်ခြင်း ၂ နှစ်မြောက်ပွဲ ကျင်းပတဲ့အခါမှာ ဦးဖေမောင်တင် ဆရာကြီးဖေမောင်တင်အတွက် ရည်ညွှန်း ပြောခဲ့တဲ့ ဆရာဇော်ဂျီရဲ့စကားအတိုင်းပြောရရင် 'ဥယျာဉ်မှူးကိုလည်း ကျေးဇူး သိဖို့လိုတယ်။ စည်ပင်တဲ့ သူ့ရဲ့အတွေးအခေါ် ကဗျာကိုလည်း သိဖို့လိုတယ်' လို့ ပြောရင်းနဲ့ နိဂုံးချုပ်ပါတယ်။

[၂၆-၉-၁၉၉၂]

□

mgyoe.com